The Strategy First Times

Vol.1., Issue 23

September 19, 2016 | ၁၃၇၈ ခု၊ တော်သလင်းလပြည့်ကျော် (၃) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် / တစ်ကြိမ်

Strategy First Institute မှ ကျင်းပသော MBA Gala Dinner တွင် ဆရာ၊ ဆရာမများ အမှတ်တရတော်ပုံ ရိုက်ကူးကြစဉ်

ICM Batch 12 မှ ကျောင်းသား၊ကျောင်းသူ ဟောင်း/သစ်များကို Strategy First မှ နွေးထွေးစွာ ကြိုဆိုပါသည်။



ZARA တည်ထောင်သူ Amancio Ortega

Amancio Ortega လို့ပြောရင် လူတော်တော်များများမသိကြပါဘူး။ သူဟာ ဥရောပမှာ အချမ်းသာဆုံးသူဖြစ်ပြီး အခုလောလောဆယ်မှာ ကမ္ဘာ့နံပါတ် (၂) နဲ့ Bill Gates အနောက်မှာရပ်တည်နေတဲ့ ကမ္ဘာ့ဒုတိယမြောက် အချမ်းသာဆုံး ဘီလီယံနာသူဌေးကြီးတစ်ယောက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်တုန်းက (၂) ရက် (၃)ရက်မျှသူ့ရဲ့ချမ်းသာကြွယ်ဝမှုက Bill Gates ကို ကျော်တက်သွားပြီး ကမ္ဘာ့အချမ်းသာဆုံး ဖြစ်သွားခဲ့ပါသေးတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတုန်းကလည်း သူ့ကုမ္ပဏီရဲ့ရှယ်ယာတွေ ထိုးတက်သွားတာကြောင့် Bill Gates ကို နာရီအနည်းငယ်လောက် ကျော်သွားနိုင်ခဲ့ပါသေးတယ်။

Amancio Ortega ဟာ စပိန်နိုင်ငံသားတစ်ယောက်ဖြစ်ပြီး ၁၉၃၆ မှာမွေးဖွားခဲ့တာကြောင့် အခုဆိုရင် အသက် ၈၀ ရှိနေပြီဖြစ်ပါတယ်။ Ortega ဟာ Inditex ကုမ္ပဏီရဲ့ စတင်တည်ထောင်သူဖြစ်ပြီး Inditex ဟာ ကမ္ဘာတစ်ဝန်း ကျော်ကြားတဲ့ ဖက်ရှင် Brand တွေဖြစ်တဲ့ Zara၊ Zara Home၊ Pull & Bear၊ Massimo Dutti၊ Bershka၊ Stradivarius၊ Oysho၊ Uterque စတာတွေကို ထုတ်လုပ်နေတဲ့ ကုမ္ပဏီကြီးဖြစ်ပါတယ်။

စာ - ၁၄သို့

စိတ်ဖိစီးမှုတွေအောက်ရောက်နေပြီဆိုရင် လူတွေရဲ့ခန္ဓာကိုယ်က အလိုအလျောက် ပြသလာနိုင်တဲ့ လက္ခဏာရပ်လေးခု

စာ - ၈သို့

Social Media များနဲ့ သူစိမ်းများအန္တရာယ်

စာ - ၇သို့

PERSONAL DEVELOPMENT

စာ - ၁၀သို့

Marketing Tips

ICM တန်းခွဲသစ်များမကြာမီဖွင့်တော့မည်

CM Single Subject Diploma in Hospitality Management
စက်တင်ဘာလ (၂၄) ရက်နေ့စမည်

ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေသော မန်နေဂျာများ၊ Executives များအတွက် **Strategy First Institute** တွင် Institute of Commercial Management (UK) မှပေးအပ်သော ICM Single Subject Diploma in Hospitality Management ဘာသာရပ် အတွက်ကြိုတင်စာရင်းပေးသွင်း အပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ ၅လခွဲကြာမြင့်မည်ဖြစ်ပါသည်။

Hospitality Management ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ -

The Hospitality Industry – Travel & Tourism | Growth and change in the Hospitality Industry | Profile of the Accommodation & Leisure Industry | Hotel Management | Dimensions & Structure | Lodging: Meeting Guest Needs | Hotel & Lodging Operations | Forces Shaping the Hotel Business | Legislation | Restaurant & Fast | Food Industry | Contract Catering Industry | Management in Hospitality Management | Hospitality as a Service Industry | Trends in Hospitality Management | Lecturer – Ms. Carine Le Port, Master of Commerce (Queensland, Australia)

Every Saturday – 6:00 to 8:30 pm | Starting Date – 24 September 2016 | Program Fees – (420,000 kyats + 105 USD for exam & reg)

အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားမည်ဖြစ်ပါသည်။

ICM International Business Communications
စက်တင်ဘာလ (၂၅) ရက်နေ့စမည်

နိုင်ငံတကာလုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ ဘာသာရပ်ကို ကျွမ်းကျင်စွာ လေ့လာအသုံးချချင်သူများအတွက် Institute of Commercial Management (UK) မှ ပေးအပ်သော ICM Single Subject Diploma in International Business Communications Batch (12) သင်တန်းများအတွက် ကြိုတင်စာရင်းပေးသွင်း အပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ (၅)လခွဲကြာမြင့်မည်ဖြစ်ပါသည်။

International Business Communications ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ -

The Process of Communication | Speaking Effectively | Listening Skills | Human Interaction | Non-verbal Communication | Talking on the Telephone | Interviewing | Being Interviewed for a Job | Communicating in Groups | Running and Taking Part in Meetings | Presentation Skills | Using Visual Aids | Faster and Better Reading | Writing Business Letters | Applying for a Job | Writing Reports | Memos, Forms and Questionnaires | Visual Communication | Getting to Grips with Grammar | Common Problems with English

Lecturer – Ms. Carine Le Port, Master of Commerce (Queensland, Australia)

Every Sunday – 6:00 to 8:30 pm | Starting Date – 25 September 2016 | Program Fees – (420,000 kyats + 105 USD for exam & reg)

ICM Single Subject Diploma in Management of Travel & Tourism Operations
စက်တင်ဘာ (၂၅) ရက်နေ့စမည်

ခရီးသွားလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုတွင်လုပ်ကိုင်နေရသူများအတွက် **Strategy First Institute** တွင် Institute of Commercial Management (UK) မှပေးအပ်သော ICM Single Subject Diploma in Management of Travel & Tourism Operations ဘာသာရပ်အတွက် စတင်စာရင်းပေးသွင်း အပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ (၅)လခွဲကြာမြင့်မည်ဖြစ်ပါသည်။

Management of Travel & Tourism Operations ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ

The Place | Tourist Destinations | Visitors: Initial Framework | From Destination to Tourism Product | Types of Accommodation and the Accommodation Product | Transport Points | Visas and Facilitating Entry | Tourism Life Cycles | Market Research | The Image of a Destination | Prices and Tourism Receipts | Positioning | Different Promotion Approaches | Managing the Tourism Sector | Management Tools | Regeneration & Re-engineering | Expansion, Quality & Standards | Tourism Legislation and Regulation | Physical Planning | Classification & Grading in Tourism | Human Resources for Tourism | Managing the Sector | The Checklist Approach | Description of the Destination | The Tourism Development Strategy | Organization & Management

Lecturer – Daw Thida Han, M. Econ (Stats), B. Econ (Hons) (YIE), Dip in Tourism Studies and Management

Every Sunday – 3:00 to 5:30 pm | Starting Date - 25 September 2016 | Program Fees – (420,000 kyats + 105 USD for exam & reg)

ICM Single Subject Diploma in Public Relations
စက်တင်ဘာလ (၂၃) ရက်နေ့ စမည်

The Chartered Institute of Marketing မှတည်ထောင်ထားသော Communication Advertising Marketing Foundation, (CAM, UK) မှ စစ်ဆေးသော စာမေးပွဲများတွင် အခြားဘာသာရပ် (၄) ခုဖြစ်သော 1. Marketing & Consumer Behaviour (Assignment), 2. Direct Marketing and Sales Promotion (Exam), 3. Integrated Media (Assignment), 4. Advertising (Exam) နှင့်အတူ စာမေးပွဲဖြေဆို အောင်မြင်ပါက CIM-CAM Diploma in Marketing Communications ကို ရရှိပါမည်။

Public Relations ဆိုတာ လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုနဲ့ ဆက်စပ်မှုရှိသော အစုအဖွဲ့များနှင့် အပြန်အလှန်နားလည်မှုနှင့် ကောင်းသော ဆက်ဆံရေးတည်ဆောက်ခြင်းပညာဖြစ်ပါတယ်။

ပြည်သူဆက်ဆံရေးလို့ ဘာသာပြန်ရင်မှားပါတယ်။ အတွင်းက ဝန်ထမ်းတွေနဲ့ ဆက်ဆံရေးတည်ဆောက်ခြင်း၊ Customer များနဲ့ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ခြင်း၊ မီဒီယာ၊ အစိုးရ စတဲ့ အစုအဖွဲ့တွေနဲ့ ဆက်ဆံရေးတည်ဆောက်တဲ့ အပိုင်းတွေ လေ့လာတာဖြစ်ပါတယ်။ အဖွဲ့အစည်း

စာ မျက်နှာ - ၃ သို့

စာမျက်နှာ - ၂ မှ အဆက်

တစ်ခုရဲ့အခင်းအကျင်း ပတ်ဝန်းကျင်ကို သွားချင်တဲ့ လမ်းကြောင်း၊ လိုချင်တဲ့ ပန်းတိုင်အတွက် အဆင်ပြေအောင် ပြင်ဆင်တဲ့ ပညာရပ်ဖြစ်ပါတယ်။

ယခုခေတ်အခါမှာ အဖွဲ့အစည်းကြီးတွေမှာ မရှိမဖြစ်လိုအပ်လာတဲ့ ဌာန၊ ရာထူးဖြစ်လာပါပြီ။

သင်တန်းကာလမှာ (၅)လခွဲ ကြာမြင့်မည်ဖြစ်ပါသည်။

Public Relations ဘာသာရပ်တွင်သင်ကြားမည့်ခေါင်းစဉ်များမှာ -

The Principles of Public Relations | PR Research & Monitoring Stakeholder Interests | Strategic PR | PR Planning | Internal PR | External Stakeholder Relations | CSR & Community Relations | Press Relations & News Media | Organizational Brand & Identity | Events & Experiences | Government Relations & Lobbying | Corporate Advertising | Crisis & Emergency PR | Financial & Investor PR | Marketing PR | PR in Digital Age: Social Media & Internet | Sponsorship | Evaluating PR Programs

Lecturer - U Aung Chit Khin, Principal / Founder, MBA (Nottingham), Dip M PG Dip M (CIM)

Every Friday – 6:00 to 8:30 pm | Starting Date - 23 September 2016 | Program Fees – (420,000 kyats)

ICM Single Subject Diploma in Project Management
စက်တင်ဘာလ (၂၉) ရက်နေ့ စမည်

ဆောက်လုပ်ရေးလုပ်ငန်းများ၊ NGO များမှ Project Manager များ၊ Project တာဝန်ထမ်းဆောင်နေသူများနှင့် Project Management ဘာသာရပ်ကို စိတ်ဝင်စားသူများအတွက် Institute of Commercial Management (ICM, UK) မှ ချီးမြှင့်သော ICM Single Subject Diploma in Project Management Batch (12) သင်တန်းအတွက် စတင်စာရင်းပေးသွင်းအပ်နှံနိုင်ပါပြီ။

သင်တန်းကာလမှာ (၅) လခွဲ ကြာမြင့်မည်ဖြစ်ပါသည်။

Project Management တွင် သင်ကြားမည့်ခေါင်းစဉ်များမှာ -

Projects in Contemporary Organizations | Strategic Management & Project Selection | The Project Manager | Project Organization | Project Planning | Conflict & Negotiation | Budgeting & Cost Estimation | Scheduling & Resource Allocation | Monitoring & Information Systems | Project Control | Project Auditing | Project Termination

Lecturer - Daw Aye Aye Win, M.A (Int'l Business Studies) (Sophia), M. Com, B. Com (Hons) (YIE), Dip in English

Every Thursday – 6:00 to 8:30 pm | Starting Date - 29 Sep 2016 | Program Fees – (420,000 kyats + 105 USD for exam & reg)

ICM Single Subject Diploma in Marketing Management
စက်တင်ဘာလ (၂၄) ရက်နေ့ စမည်

ဆရာကြီး ဒေါက်တာ စိန်မင်း Ph.D (Marketing) Passau, Germany နှင့် ဆရာဦးအောင်ချစ်ခင် (MBA Nottingham), Dip M PG Dip M (CIM) တို့သင်ကြားမည်ဖြစ်သည်။

နာရီ ၁၀၀ ကျော် အခြေခံမှစပြီး စုံလင်စွာ သင်ကြားပေးသော အကောင်းမွန်ဆုံး ဈေးကွက်စီမံပညာသင်တန်းဖြစ်သည်။

သင်တန်းကာလမှာ(၅)လခွဲကြာမြင့်မည်ဖြစ်ပါသည်။

ဈေးကွက်စီမံခန့်ခွဲမှုပညာ Marketing Management ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ

Marketing in Organization & Society | Marketing Process & Planning | Marketing Information Systems & Research | Marketing Environment | Consumer Markets & Buyer Behaviour | Organisational Buying Behaviour | Measuring & Forecasting Market Demand | Market Segmentation | Selecting Target Markets | Differentiating & Positioning | Developing New Products & Services | Product Life Cycle | Methods of International Market Entry | Product Lines, Brands & Packaging | Service Business & Ancillary Services | Pricing Strategies & Programmes | Marketing Channels | Retailing & Wholesaling | Integrated Marketing Communication Mix | Effective Advertising Programmes | Direct Marketing, Sales Promotion | Public Relations Programmes | Managing the Sales Force | Implementing Marketing Programmes | Marketing Management (တစ်ပတ်နှစ်ချိန်)

Lecturer - 1. Dr U Sein Min, Academic Director, Strategy First Institute, PhD (Passau, Germany), M. Com, B. Com (YIE)

Lecturers – 2. U Aung Chit Khin, Principal/Founder, MBA (Nottingham), PG Dip M, Dip M (CIM, UK)

Schedule - Sat 6:00 to 8:30 pm + Sun 8:30 to 11:30 am | Starting Date - 24 September 2016 |

Program Fees – 450,000 Kyats + ICM Exam & Reg Fees: 105 USD

သင်တန်းကို ပြည်လမ်း Campus တွင်တက်ရောက်ရမည်ဖြစ်သည်။

သင်တန်းပြီးသွားပါက Institute of Commercial Management (ICM) မှ ကျင်းပသော စာမေးပွဲကို ဝင်ရောက်ဖြေဆိုပြီးအောင်မြင်ပါက ICM Single Subject Diploma ကို ရရှိမည်ဖြစ်ပါသည်။ ICM စာမေးပွဲများကို မြန်မာနိုင်ငံရှိ British Council မှ စီစဉ်ပေးသွားပါမည်။

The STRATEGY FIRST Times

ကြော်ငြာအရွယ်အစား	အတွင်းစာ	နောက်ကျောဖုံး
1/4 page H (9 in x 3.5 in)	50,000 ks	-
1/4 page V (4.3 in x 6.5 in)	50,000 ks	-
Half-page (9 in x 7 in)	100,000 ks	-
Full-page (10 in x 15 in)	200,000 ks	-

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟေသဆဲ (Student Services Manager) (09) 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး
ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းဈေး ၂၂၀၀ ကျပ်
ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68

လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။

ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in)	450,000 ks
နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in)	450,000 ks
ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in)	700,000 ks
အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in)	320,000 ks
အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in)	445,000 ks

သင်တန်းစာတွေကို ဘယ်လိုပြန်လေ့လာဖြစ်လဲ

ဒေါက်တာစိန်မင်း
Academic Director

သင်တန်းသားတွေအနေနဲ့ ကိုယ်ကအလုပ်တစ်ဖက်နဲ့သင်ယူရတာဖြစ်တဲ့အတွက် အချိန်က အကန့်အသတ်ရှိလာတယ်။ဘယ်အရာဟာကိုယ့်အတွက်အရေးကြီးဆုံးလဲ၊ ဦးစားပေးဖို့လိုတာတွေကို ဆုံးဖြတ်နိုင်ဖို့လိုပါတယ်။ အရာရာကိုအကောင်းဆုံး ပြီးမြောက်ချင်တဲ့ဆန္ဒကတော့ လူတိုင်းမှာရှိပေမယ့် ကိုယ်ရတဲ့အချိန်ကမလောက်ဘူးဆိုရင် အမှန်တကယ် ဦးစားပေးလုပ်ဖို့လိုတဲ့အရာကို တည်ပြီးအားစိုက်လုပ်ပါလို့ တိုက်တွန်းပါတယ်။လုပ်ချင်တာတွေများတဲ့ကြားမှာ ကိုယ်က ဗျာများပြီး အလုပ်မတွင်တာမျိုးမဖြစ်ဖို့ သတိထားသင့်ပါတယ်။

Pareto ရဲ့ 80/20 Rule အတိုင်းဆိုရင် ၂၀ရာခိုင်နှုန်းသောအလုပ်တွေက ၈၀ ရာခိုင်နှုန်းအရေးပါတယ်ဆိုတော့ သင်တန်းသားတွေအနေနဲ့ကိုယ့်အတွက် အမှန်တကယ်အရေးပါတဲ့အလုပ်တွေကို ပစ်မှတ်ထား ရွေးထုတ်နိုင်ဖို့လိုပါတယ်။ ကိုယ်ထင်တာကိုယ်လုပ်နေတာလေ့လာနေတာထက် ဆရာတွေရဲ့အနီးကပ် ကြီးကြပ်မှုနဲ့အကြံဉာဏ်တွေယူသင့်ပါတယ်။ ကိုယ်ကနည်းစနစ်ကျကျနဲ့ စာတွေဘာတွေဖတ်တယ်လေ့လာတယ်ဆိုရင်လည်း ပထမပိုင်းတော့ နည်းနည်းအသားမကျခင် နေးကွေးမှုရှိနိုင်ပေမယ့် Learning By Doing လို့ဆိုသလို နောက်မှာတဖြည်းဖြည်းနဲ့ တိုးတက်လာမှာလည်းဖြစ်ပါတယ်။ ကျောင်းသားတွေ အနေနဲ့ စာတွေကို လေ့လာမှတ်သားတဲ့ နေရာမှာစာဘယ်လိုဖတ်မယ်၊အချက်အလက်တွေကိုဘယ်လိုရယူမှတ်သားမလဲ၊ဘယ်လိုခေါင်းစဉ်တွေရွေးပြီး လေ့လာမလဲ၊ စာရဲ့အနှစ်သားကိုရအောင် ဘယ်လိုကောက်နုတ် ရွေးထုတ်မလဲ စတဲ့ Learning Skills တွေ မြင့်တက်လာအောင် လုပ်ဖို့လိုသလို အချိန်ကိုလည်း လိုတဲ့နေရာမှာ စနစ်တကျနဲ့တိတိကျကျ အသုံးချဖို့ ပြောချင်ပါတယ်။

အေးသန္ဓာခိုင်
(Project Management)

ဒီဘာသာရပ်က အခုမှစသင်တာဆိုတော့ အစပိုင်းမှာနည်းနည်းတော့ဝေးသလိုတော့ ခံစားရတယ်။ ကိုယ်လုပ်နေတာကလည်း Marketing အပိုင်းဆိုတော့။ နောက်တော့ ကျောင်းကပေးတဲ့အသံဖိုင်တွေကို အချိန်ရရင်ရသလိုပြန်နားထောင်တယ်။ စာတွေပြန်ဖတ်တော့ပြန်လိုက်နိုင်လာပါတယ်။စာကြည့်ချိန်ကတော့အလုပ်လည်းရှိတော့အိမ်ပြန်ရောက်တဲ့ ညဘက်တွေပဲများပါတယ်။ မရှင်းတာကြတော့အတန်းထဲကသူငယ်ချင်းတွေဆီဖုန်းဆက်ပြီး ပြန်ဖလှယ်တာတွေတော့ရှိပါတယ်။ တကယ်မရှင်းတာမျိုးတွေရှိလာရင်တော့ ဆရာစာသင်လို့ ခဏအနားပေးတဲ့ အချိန်တွေမှာ သွားမေးပါတယ်။

ဝေယံမင်းဇော်
(Marketing Management)

သင်တန်းမှာသင်တဲ့စာကို နောက်တစ်ရက်နှစ်ရက်လောက်မှ ပြန်ဖတ်ရင်တော့ မမှတ်မိတာများတော့ အိမ်ပြန်ရောက်တာနဲ့ အနားယူချိန်မှာ ချက်ချင်းပြန်ဖတ်တာများပါတယ်။ပြန်ကြည့်လိုက်တော့ ခေါင်းထဲနည်းနည်းစွဲသွားတယ်၊နောက်တစ်ချက်ကအတန်းမှန်မှန်တက်တာကလည်း စာပြန်လေ့လာရင်အထောက်အကူပြုသလိုအတန်းစာမေးပွဲဖြေတာတွေကလည်း အတော်လေးအထောက်အကူပြုပါတယ်။ စာလည်းဖတ်ဖြစ်သလို စားမေးပွဲအတွက်လည်း အထောက်အကူပြုပါတယ်။ အသံဖိုင်တွေ ပြန်ပေးတာကလည်း ကိုယ်သာပြန်နားထောင်နိုင်ရင်အားသာချက်တွေပါ။ဒီနေ့သင်တယ်၊ဒီနေ့ကြည့်တာကတော့အကောင်းဆုံးပါပဲ။တစ်နေ့စာတစ်နေ့ဖတ်တာ အကောင်းဆုံးပါပဲ။

ပိုက်ပိုက်
(Sales & Sales Management, Intermediate 2)

ဒီဘာသာရပ်ကြတော့ စာကျက်တာထက် Example တွေ၊ လက်တွေ့တွေနဲ့ ချိတ်ဆက်ပြီးမှတ်သားတာကပိုပြီးအဆင်ပြေပါတယ်။ စာကျက်တာလည်း ကျက်တာပေါ့။ တချို့ခေါင်းစဉ်အောက်ကပါတဲ့ခေါင်းစဉ်ခွဲလေးတွေဆိုရင် ကျွန်မတို့မသိနိုင်ဘူး၊ မကျက်ဘဲနေပြန်ရင်လည်း မသိနိုင်ပြန်ဘူး။ အဓိကတော့ ဒီဘာသာရပ်အခေါ်အဝေါ်လေးတွေ နားလည်အောင်ဖတ်ထားရင် ကိုယ့်ဘာသာပြန်ပြီးရေးလို့ရနိုင်ပါတယ်။အင်္ဂလိပ်စာဆိုရင်လည်း စာကျက်နေတာထက် ကိုယ့်ဘာသာပိုလေ့လာနိုင်ရင်ကောင်းပါတယ်။ ရုပ်ရှင်တွေဘာတွေဆိုလည်းဇာတ်ကားတစ်ခုတည်းကိုအခေါက်ခေါက်အခါခါကြည့်ပြီးမသိတဲ့စကားလုံးတွေပြန်လေ့လာပါတယ်။စာကိုတော့အားတဲ့အချိန်တိုင်း လေ့လာဖြစ်ပါတယ်။

မောင်ဇော်လင်း
(NCC - Batch-2)

ဆရာတွေတစ်ခေါက် သင်ပေးလိုက်တဲ့စာကို အတန်းထဲမှာကတည်းက အသေအချာနားထောင်တယ်။ အိမ်ပြန်ရောက်ရင် ချက်ချင်းပြန်ကြည့်ပါတယ်။ပေးလိုက်တဲ့စာရွက်တွေနဲ့ကိုယ်မှတ်ထားတဲ့ အချက်တွေကို အသေချာလေးပြန်ပြီး ရှင်လင်းအောင် ရေးမှတ်ပါတယ်။ နားလည်တာနဲ့ နားမလည်တဲ့အချက်တွေကိုခွဲမှတ်ထားပြီးနောက်နေ့ဆရာတွေနဲ့ဆုံရင် မရှင်းတဲ့စာကိုပြန်ပြီးမေးပါတယ်။ ပုံမှန်အချိန်တစ်ခု သတ်မှတ်ပြီး မလုပ်နိုင်ပေမယ့် အားရင်အားသလိုလုပ်ပါတယ်။ စာမေးပွဲနီးရင်တော့ ပိုပြီးအားစိုက်ရတာပေါ့။ ဖြေမယ့်စာတွေကို လက်တွေ့ရေးကျင့်တာတွေလုပ်ရပါတယ်။

စုလဲ့ရည်ထွန်း
(NCC-Batch-3)

အိမ်ရောက်ရင်တော့ စာကတော့ပြန်လုပ်ရတာပဲ။ဆရာတွေရှင်းပြတာကအားလုံးကိုခြုံပြီးပြောသွားတာဆိုတော့ အိမ်ရောက်တာနဲ့ ပေးထားတဲ့စာရွက်တွေနဲ့ ဖတ်စာနဲ့ပြန်တိုက်ရတယ်။ အဲကနေကိုယ်ပြန်ကျက်လို့ရအောင် Note ထုတ်ရတယ်။ ပြီးရင်ကိုယ်ထုတ်ထားနဲ့ Note နဲ့ ကျောင်းကဆရာသင်ထားတာကို မှတ်ထားတဲ့အသံဖိုင်ပြန်နားထောင်ပြီးလိုအပ်တာလေးတွေထပ်ဖြည့်ပြီးမှပဲ စာပြန်ဖတ်တယ်။ မရှင်းတာတွေကြတော့ ဆရာကိုပြန်မေးတာလည်းရှိတယ်။ မေးခွန်းဟောင်းတွေ တွက်စာတွေကိုလည်း အိမ်မှာလေ့လာပြီး ဖြေကြည့်တာတွေ ရှိပါတယ်။ စာကတော့ တစ်နေ့စာ တစ်နေ့လုပ်ဖို့ကတော့ အတော်လေးအားစိုက်ရတယ်။ ပုံမှန်ကြီးတော့ မလုပ်နိုင်ပါဘူး။

မေမြတ်ခိုင်
(Pre Intermediate)

ဆရာသင်ကတည်းက အသံဖိုင်ယူထားလိုက်တယ်။ အိမ်ရောက်တာနဲ့ ဒါကိုနောက်တစ်ကြိမ် ပြန်နားထောင်တယ်။ သင်တဲ့အချိန် မှတ်ထားတဲ့စာတွေကိုလည်း ပြန်ဖတ်ရတာပေါ့။ တချို့အရာတွေကြတော့ ကိုယ်တိုင်ပြန်ပြီးလေ့လာရတာတွေလည်း ရှိတာပေါ့။ မရှင်းတာကြတော့ သူငယ်ချင်းတွေနဲ့ ဆွေးနွေးတာလည်းရှိတယ်။ ဆရာနဲ့တွေ့တဲ့အချိန်ကြမှ မေးတာတွေလည်းရှိတာပေါ့။ တတ်နိုင်သမျှတော့ သင်တဲ့စာတွေနဲ့ အိမ်မှာပြန်လေ့လာတဲ့အချိန်ကို အကြာကြီးမခြားလိုက်ဘဲ ပြန်လေ့လာဖြစ်အောင် ကြိုးစားနေပါတယ်။ အင်္ဂလိပ်စာကြတော့ ကိုယ်တိုင်ပြန်လေ့လာအားက အများကြီးလိုတော့ အချိန်တော့ နည်းနည်း ပေးရပါတယ်။

The 2016 Harvard Humanitarian of the Year ဆု ချီးမြှင့်ခံရတဲ့ လူထုခေါင်းဆောင်

စက်တင်ဘာလအတွင်း ငြိတိန်နဲ့ အမေရိကန်နိုင်ငံများသို့သွားရောက်နေတဲ့နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်ကာလအတွင်း The 2016 Harvard Humanitarian of the Year ဆု ချီးမြှင့်တဲ့ မင်္ဂလာသတင်းကြားသိရပါတယ်။

စက်တင်ဘာလ ၁၇ ရက်နေ့မှာ ဟားဗတ်ဖောင်ဒေးရှင်းကနေ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို The 2016 Harvard Humanitarian of the Year ဆု ချီးမြှင့်မှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာအစဉ်အလာကြီးသော ဟားဗတ်တက္ကသိုလ်မှ ဟားဗတ်ဖောင်ဒေးရှင်းအနေနဲ့ The Harvard Humanitarian of the Year ဆုကို နှစ်စဉ် ချီးမြှင့်လေ့ရှိပါတယ်။

ဟားဗတ်ဖောင်ဒေးရှင်းအနေနဲ့ The Harvard Humanitarian of the Year ဆု ပေးရတဲ့ ရည်ရွယ်ချက်ကတော့ လူသားတို့ရဲ့ ဘဝနေထိုင်မှု တိုးတက်လာဖို့၊ ကောင်းမြတ်တဲ့ ကျင့်ကြံမှုတွေကိုအားကျလေးစားလာစေဖို့ကြိုးပမ်းအားထုတ်ခဲ့ကြသူတွေကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်အတွင်းမြန်မာနိုင်ငံမှနိုဗယ်လ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်ကို The Harvard Humanitarian of the Year ဆုကို ချီးမြှင့်မှာဖြစ်ပါတယ်။

ဒီဆုကို ၂၀၁၃ ခုနှစ်မှာ အမျိုးသမီးအရေး၊ ပညာရေးလှုပ်ရှားသူ ပါကစ္စတန်နိုင်ငံသူ မာလာလာ၊ ၂၀၁၄ ခုနှစ်မှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ၂၀၁၅ ခုနှစ်မှာ ကလေးအခွင့်အရေး လှုပ်ရှားသူ နိုဗယ်ဆုရှင်အိန္ဒိယနိုင်ငံသား၊ကိုင်လတ်ဆရာသီတို့ ရရှိခဲ့ပါတယ်။

မာတင်လူသားကင်း၊ ဒက်မွန်တူးတူး၊ ဘင်ယာမင်ဟုခ် စတဲ့ ကမ္ဘာမှာ ထင်ရှားခဲ့တဲ့

ပုဂ္ဂိုလ်တွေကိုလည်း အဆိုပါဆုကို ချီးမြှင့်ခဲ့ဖူးပါတယ်။ ဟားဗတ်တက္ကသိုလ်မှဟားဗတ်ဖောင်ဒေးရှင်းကို ၁၉၈၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၁၉၈၄ မှ စတင်ကာ The Harvard Humanitarian of the Year Award ကို စတင်ချီးမြှင့်ခဲ့ပါတယ်။

ငြိတိန်နဲ့ အမေရိကန်နိုင်ငံ ခရီးစဉ်များအတွင်းနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကငြိတိန် ဝန်ကြီးချုပ် ထရီဆာမေ၊ အမေရိကန်သမ္မတ အိုဘာမားတို့နဲ့ တွေ့ဆုံခဲ့ပြီး ငြိတိန်ရောက်ရှိစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က သားဖြစ်သူနဲ့လည်းတွေ့ဆုံခဲ့ပါတယ်။

The First MBA Gala Dinner ကျင်းပ

Strategy First မှ ဆရာ/မများနှင့် Stamford MBA မှ ကျောင်းသား/သူများ

ဆရာမကြီး ပါမောက္ခ ဒေါက်တာ ဒေါ်လှမြင့်မှ MBA ပညာသင်ဆုပေးအပ်စဉ်

Strategy First မှ ဆရာ/မများနှင့် EBS MBA မှ ကျောင်းသား/သူများ

ဆရာဦးအောင်ချစ်ခင်နှင့်မိသားစု

Strategy First မှ ဆရာ၊ ဆရာမများ

Strategy First မှ ဆရာ၊ ဆရာမများ

စက်တင်ဘာလ ၁၅ရက်နေ့တွင် **Strategy First Institute** ရဲ့ MBA programme နှစ်ခုဖြစ်တဲ့ Edinburgh Business School MBA နှင့် Stamford Signature MBA တို့မှာ တက်ရောက်နေကြတဲ့ MBA ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းဇ၏ နာယက ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းတွင် သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများ တွေ့ဆုံကာ The First MBA Gala Dinner ကို Chatrium Hotel Royal Lake Yangon တွင် ကျင်းပခဲ့ကြပါတယ်။

Gala Dinner တွင် နာယက ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်လှမြင့်၊ နာယက ဆရာမကြီးဒေါက်တာဒေါ်ခင်အုန်းသန်း၊ Strategy First Academic Director ဆရာကြီး ဒေါက်တာဦးစိန်မင်းတို့မှ ကျောင်းသား၊ ကျောင်းသူများကို MBA ခရီးလမ်းကို ဆုံးခန်းတိုင်အောင်လျှောက်လမ်းဖို့၊ MBA ကနေ ရရှိဆက်ဘဝတက်လမ်းကောင်းမွန်စေဖို့လည်း အမှာစကားများ ပြောကြားခဲ့ပါတယ်။

ထိုပွဲတွင် MBA သင်တန်းများအတွက် နာယကဆရာကြီး၊ ဆရာမကြီးများကို ဂါရဝပြုပေးအပ်ခဲ့သော ပါမောက္ခဒေါက်တာဒေါ်လှမြင့် ပညာသင်ဆုဒေါ်လာ (၁၀၀၀၀) ပညာသင်ဆုကို ရရှိသွားသော ကိုလူဂျီးနို့ကိုလည်း ပညာသင်ဆုပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ကိုလူဂျီးနို့သည် ပညာသင်ဆုရရှိပြီး Stamford Signature MBA Batch (1) တွင် တက်ရောက်လျက်ရှိပါသည်။

ထို့နောက် ဆရာဦးအောင်ချစ်ခင်မှ ပွဲလုပ်ရတဲ့ရည်ရွယ်ချက်များနှင့်ဒီဇင်ဘာလမှာလည်း ဆရာမကြီးဒေါက်တာဒေါ်ခင်အုန်းသန်းကို ဂုဏ်ပြုသောအားဖြင့် ဒေါက်တာ ဒေါ်ခင်အုန်းသန်း ပညာသင်ဆုကို ထပ်မံရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Gala Dinner ညတွင် Program မတူသော MBA နှစ်ခုတွင်တက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူများ အချင်းချင်း ပျော်ရွှင်ရင်းနှီးစွာ တွေ့ဆုံခဲ့ကြပြီး အတန်းတူသူငယ်ချင်းများလည်း ပျော်ရွှင်ရင်းနှီးစွာ ဓာတ်ပုံများ ရိုက်ကူးခဲ့ပါသည်။

ကြွရောက်ချီးမြှင့်ပေးပါသော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူ အစ်ကို အစ်မများအားလုံးကို **Strategy First** အဖွဲ့သားများမှ ကျေးဇူးအထူးတင်ရှိပါသည်။

SFJ Team

The Long Way Home

The Long Way Home ဆိုတဲ့ကိုရီးယား Action ၊ Comedy ၊ Drama အမျိုးအစား ဇာတ်ကားကိုမိတ်ဆက်ပေးချင်ပါတယ်။ဒီဇာတ်ကားကို ရုပ်ရှင် Rating Website IMDB မှာ Rating ၆.၄ အထိ ပေးထားတာကိုလည်း တွေ့ရပါတယ်။ တောင်နဲ့မြောက် ကိုရီးယားစစ်ပွဲအကြောင်းကိုဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာဖြစ်ပြီး ဇာတ်ကားရဲ့ ရည်ရွယ်ချက်ကလည်း ကောင်းမွန်လှပါတယ်။

ကိုရီးယားနိုင်ငံပြိုကွဲပြီးတောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံစစ်ပွဲများ ဖြစ်ပွားခဲ့ကာလနဲ့ ဇာတ်လမ်းကို စတင်ဖွင့်လှစ်ထားပါတယ်။ ၁၉၅၃ ခုနှစ်၊ ဇူလိုင် ၂၄ ရက် (တောင်နဲ့မြောက်စစ်ပြေငြိမ်းရေးစာချုပ်လက်မှတ်မထိုးမီ ၃ ရက်အလို) ရက်မှာ Nam-bok ဆိုတဲ့ စစ်သားငယ်ပါဝင်တဲ့တောင်ကိုရီးယားတပ်ဖွဲ့က စစ်ပွဲအတွက် အရေးကြီးတဲ့ လျှို့ဝှက်စာကို ရှေ့တန်းစစ်မျက်နှာသို့ပေးဖို့အတွက်ယူဆောင်လာရပါတယ်။တစ်ဖက်မှာလည်း Young-gwang ဆိုတဲ့ စစ်သားငယ် ပါဝင်တဲ့ မြောက်ကိုရီးယားတပ်ဖွဲ့က စစ်ချီလာခဲ့ပါတယ်။

လျှို့ဝှက်စာ သယ်ဆောင်လာတဲ့ လမ်းကြောင်းမှာ Nam-bokပါတဲ့တပ်ဖွဲ့ဟာမြောက်ကိုရီးယားတပ်များရဲ့တိုက်ခိုက်မှုကိုခံရပြီး Nam-bokတစ်ယောက်သာအသက်ရှင်လွတ်မြောက်လာခဲ့ပါတယ်။ Nam-bok အသက်ရှင်ကျန်ရစ်ခဲ့ပေမယ့်စစ်ပွဲအတွက်လွန်စွာအရေးကြီးတဲ့ လျှို့ဝှက်စာက ပျောက်ဆုံးသွားခဲ့ပါတယ်။

တစ်ဖက်မှာလည်း Young-gwang ပါဝင်တဲ့ မြောက်ကိုရီးယားတပ်ဖွဲ့ရဲ့စစ်ချီလမ်းကြောင်းကို တောင်ကိုရီးယား လေတပ်ရဲ့တိုက်ခိုက်မှုကို ခံရတဲ့အတွက် Young-gwang ပြေးမိပြေးရာ ထွက်ပြေးရာမှာ တောလမ်းထဲမှာ တောင်ကိုရီးယားတို့ရဲ့ လျှို့ဝှက်စာကို တွေ့ရှိသွားပါတယ်။ လျှို့ဝှက်စာကို လိုက်ရှာနေတဲ့ တောင်ကိုရီးယားစစ်သား Nam-bokကမြောက်ကိုရီးယားစစ်သား Young-gwang ဆီမှာ လျှို့ဝှက်စာရှိနေတာကို တွေ့သွားပြီး လိုက်လံတိုက်ခိုက်ပါတော့တယ်။ မြောက်ကိုရီးယားစစ်သား Young-gwang က သူရဲ့တင့်ကားဆီကိုပြန်ပြေးလာခဲ့ပြီးတောင်ကိုရီးယားစစ်သား Nam-bok ကို ရင်ဆိုင်ပါတော့တယ်။

ကိုရီးယားနှစ်နိုင်ငံပြိုကွဲကာ စစ်ပွဲများ ဖြစ်နေပေမယ့်တောင်ကိုရီးယားစစ်သား Nam-bok နဲ့ မြောက်ကိုရီးယားစစ်သား Young-gwang တို့ရဲ့အိမ်မက်တွေက တူညီနေပါတယ်။ နှစ်ယောက်လုံးက စစ်ပွဲကို အမြန်ဆုံးရပ်တန့်စေလိုခဲ့ကြပြီး ငြိမ်းချမ်းရေးရရှိကာ မိမိတို့ရဲ့အိမ်များဆီသို့ပြန်လိုကြပါတယ်။တစ်ဖက်မှာလည်း စစ်ပွဲဖြစ်ပွားနေချိန်ဖြစ်တဲ့အတွက် နိုင်ငံသားတစ်ဦးရဲ့တာဝန်ကိုသူတို့နှစ်ဦးကမမေ့လျော့ဘဲ ကိုယ့်တာဝန်ကိုယ် ကျေလိုကြပါတယ်။ တောင်ကိုရီးယားစစ်သားငယ်နဲ့ မြောက်ကိုရီးယားစစ်သားငယ်တို့ရဲ့သူတို့နိုင်ငံတွေအပေါ်တာဝန်ကျေလိုမှု၊ စစ်ပွဲရဲ့ဆိုးရွားမှုတွေကို ဟာသနောကာရိုက်ကူးတင်ပြထားပါတယ်။ ကိုရီးယားဇာတ်လမ်းကောင်းတွေကို ကြိုက်နှစ်သက်သူတွေအတွက် လက်မလွတ်တမ်းကြည့်ရမယ့် ဇာတ်ကားတစ်ကားဖြစ်တယ်လို့ဆိုရပါရစေ။

■

ချက်မယ်ပြုတ်မယ်

Grilled Macaroni Cheese

မေသက်နင်း

ဒီတစ်ပတ်မှာတော့ အီတာလီလျံအစားအစာလေးကို စမ်းသပ်ပြီး ချက်ကြည့်ထားပါတယ်။ ချိုစိမ့်အီအရသာရှိတဲ့ မာစယွန်နီချက်နည်းလေးကိုဖော်ပြပေးလိုက်ပါတယ်။လိုအပ်တဲ့ပစ္စည်းတွေကတော့

Fusilli or Penne (စပါကတီ ခေါက်ဆွဲအလိမ်လေးများ (သို့) – (၃၀၀) ဂရမ်

Red Cheddar အမျိုးအစား Cheese – (၁၅၀) ဂရမ်

ခရမ်းချဉ်သီး (အသေးလေးများရပါက အသေးလုံးလေးများ) - ၁၅၀ ဂရမ်ခန့်

ပေါင်မုန့်ခြောက် - ၁၀၀ ဂရမ်ခန့်

နံနံပင် - အနည်းငယ်

ခရင်(မ်) ပြုလုပ်ဖို့အတွက်

ထောပတ် - (၄၀) ဂရမ်

ဂျုံမှုန့် - (၄၀) ဂရမ်

နွားနို့ - (၇၅၀) မီလီလီတာ

ဆားအနည်းငယ်

ငရုတ်ကောင်းအနည်းငယ် လိုအပ်ပါတယ်။

ပထမဦးစွာ ရေနွေးပွက်ပွက်ဆူထဲမှာ ဆားအနည်းငယ်ထည့်ပြီး Fusilli များကို ထည့်ပြုတ်ပေးပါ။ (၁၀ မိနစ် – ၁၅ မိနစ်ခန့် ပြုတ်ပြီး အပူပေးပြီးအရည်ပျော်အောင်ထားပါ။ပြီးနောက် ထောပတ်အရည်ဖျော်ထဲသို့ ဂျုံမှုန့်အနည်းငယ် ထည့်ကာ ၂ မိနစ်ခန့် အဆက်မပြတ်မွှေပေးပါ။ မီးအနည်းငယ်လျှော့ပြီး နွားနို့ထည့်ပေးပါ။ နွားနို့ဆူလာပါက မီးကိုလျှော့လိုက်ပြီး ငရုတ်ကောင်း၊ နံနံပင် နတ်နတ်စင်းတို့ကို ရောထုတ်ပေးကာအနှစ်ပျစ်လာသည်အထိ ကြိုပေးပါ။ချိစ်များကိုခြစ်ထားပြီးအနှစ်ထဲကိုရောထည့်ပေးပါ။ ချိစ်များအရည်ပျော်သည်အထိ မွှေပေးပါ။ ခြစ်ထားတဲ့ ချိစ်အနည်းငယ်ကို ချန်ထားပေးပါ။ အပေါ်က အုပ်ဖို့အတွက်ဖြစ်ပါတယ်။ ခရင်(မ်) ရလာပါက ပြုတ်ထားပြီး နွေးနေအောင် လုပ်ထားတဲ့ ခေါက်ဆွဲပေါ် လောင်းချပေးပါ။ ခရမ်းချဉ်သီးလေးများကို နှစ်ခြမ်းခြမ်းပြီး ထည့်ထားပေးပါ။ ငရုတ်ကောင်းအနည်းငယ်ဖြူးကာ ပြုလုပ်ထားတဲ့ ခေါက်ဆွဲများကို လေးပုံပုံကာ အပေါ်မှပေါင်မုန့်ခြောက်များခြစ်ထားတဲ့ချိစ်များကိုဖြူးပေးပါ။ (၅) မိနစ်ခန့်ဖုတ်ပေးပါ။ အပေါ်ယံတင်း၍ စိမ့်အီနေတဲ့ Grilled Macaroni Cheese လေးကို သုံးဆောင်နိုင်ပါပြီ။ Oven အဆင်သင့်မရှိပါက အပေါ်မီးအောက်မီးဖြင့် အပူပေးနိုင်ပါသည်။ မြိန်လျက်စွာ သုံးဆောင်နိုင်ကြပါစေ။ **Bon Appetit**

Social Media များနဲ့ သူစိမ်းများအန္တရာယ်

SFJ Team

Social Media များကြောင့် ကောင်းကျိုးတွေရှိသလို ဆိုးကျိုးများကလည်း ထပ်ကြပ်မကွာလိုက်ပါမြဲဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားနိုင်ပြီး ဆင်ခြင်နိုင်သော အရွယ်များအတွက် တားမြစ်ထိန်းချုပ်စရာတစ်ခုမဟုတ်ပေမယ့် ငယ်ရွယ်သေးသော ကလေး၊ ဆယ်ကျော်သက်များအတွက် လူကြီးများက သတိပြုကြီးကြပ်ရမယ့် အရာတစ်ခုဖြစ်လို့နေပါတယ်။

မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းများကို လူတိုင်းနီးပါးသုံးစွဲနိုင်ပြီးနောက်အင်တာနက်အသုံးပြုမှုများလည်းလိုက်ပါမြင့်တက်ခဲ့ပါတယ်။ ဒီနောက်မှာတော့ ကမ္ဘာတစ်ဝန်းပျံနှံ့အသုံးပြုနေပြီဖြစ်တဲ့ Facebook ၊ Viber စတဲ့ Social Media များက မြန်မာလူမှုနယ်ပယ်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီး ဖြစ်ပါတယ်။

Social Media များအသုံးပြုမှု များပြားလာပြီးနောက် Facebook ၊ Viber ကနေတစ်ဆင့် သိကျွမ်းခင်မင်သူများလည်းအပြင်မှာ ခင်မင်သိကျွမ်းသူများထက် ပိုမိုများပြားလာပါတယ်။ Social Media တွေရဲ့လက်တံရှည်ကျယ်ပြန့်မှုကြောင့် အပြင်မှာ မသိကျွမ်း၊ မခင်မင်သူတွေက မိမိရဲ့ Network ထဲကို ရောက်ရှိလာပါတယ်။ ခေတ်နဲ့အမီ ရင်ပေါင်တန်းလျှောက်လှမ်းနေတဲ့ ရန်ကုန်မြို့ကြီးမှာ Social Media တွေကို ကျောင်းသားလူငယ်တွေ၊ ဆယ်ကျော်သက်အရွယ်ကအစ လိုင်လိုင်ကြီးသုံးစွဲနေပြီးဖြစ်တဲ့အတွက် သူတို့တွေရဲ့ Network ထဲကို ပြင်ပသူစိမ်းများ ရောက်ရှိလာမှုက ကောင်းကျိုးထက်ဆိုးကျိုးသာ ပိုလို့များလာစေပါတယ်။

မကြာသေးမီရက်ပိုင်းအတွင်းက Beetalk မှာ တစ်ဆင့် သိကျွမ်းခင်မင်ပြီး ပြင်ပမှာ တွေ့ဆုံရာမှာ ဖြစ်ပွားခဲ့တဲ့ အထက်တန်း ကျောင်းသူတစ်ဦးရဲ့ရင်နှင့်ဖွယ်အဖြစ်ဆိုးတွေက မိဘတိုင်းအမှောင်ထဲက သူစိမ်းတွေကတော့ Social Media များကို အသုံးချပြီး နှနယ်သေးတဲ့ ကလေးလူငယ်များဘဝထဲသို့ ဝင်ရောက်လာလျက်ရှိပါတယ်။

Facebook ၊ Viber ၊ Beetalk စသော မည်သည့် Social Media များဖြစ်ဖြစ် မိမိနဲ့အပြင်မှာအမှန်တကယ် သိကျွမ်းခင်မင်မှုမရှိတဲ့ သူစိမ်းများကိုလက်မခံတာကအကောင်းဆုံးဖြစ်မှာပါ။ လူကြီးများအနေနဲ့ ကလေး၊ လူငယ်တွေ အသုံးပြုနေတဲ့ Social Media တွေကို သတိပြုစောင့်ကြည့်သင့်ပါတယ်။ လွတ်လပ်ခွင့်ကိုတားဆီးပိတ်ပင်တာမဟုတ်ဘဲ အန္တရာယ်ကို ကြိုတင်သတိပြုကာကွယ်ရမှာဖြစ်ပါတယ်။ ကလေး၊ လူငယ်များအနေနဲ့ မိမိနဲ့ ပြင်ပမှာ သိကျွမ်းမှုမရှိတဲ့သူများကို လက်သင့်မခံဘဲ မိမိနဲ့ ပြင်ပမှာလည်း အမှန်တကယ် သိကျွမ်းခင်မင်တဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေနှင့်သာ Network ထား သင့်ပါတယ်။ ပြင်ပမသိကျွမ်းသူတွေက မိမိ Network ထဲမှာ ရောက်ရှိနေလို့စကားပြောဆိုတာ၊ ပြင်ပချိန်းဆိုတဲ့အဆင့်ကတော့ အင်မတန်ကို ယူကြုံးမရ ဖြစ်စေခဲ့ပါတယ်။ ဒီဖြစ်ရပ်မတိုင်မီကလည်းအွန်လိုင်းကတစ်ဆင့် သိကျွမ်းပြီး လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေ၊ လိမ်လည်မှုတွေ စတဲ့ မှခင်းသတင်းတွေက နားနဲ့မဆံ့အောင်ကြားသိခဲ့ရပြီဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူများမှာလည်း အွန်လိုင်းကနေတစ်ဆင့် သိကျွမ်းပြီး ဖြစ်ပွားခဲ့ရတဲ့ အမှုများမှာလည်း မနည်းတော့ပါဘူး။ ငယ်ရွယ်သူတွေအတွက်တော့ ပိုလို့သာ အန္တရာယ်ကြီးမားလှပါတယ်။ သတိထား ရှောင်ရှားသင့်ပါတယ်။ မိမိဓာတ်ပုံတွေ၊ အပြန်အလှန်ပြောစကားတွေကို Screen Shot ပြုလုပ်ကာ ငွေညှစ်တာ၊ အွန်လိုင်းပေါ်ဖြန့်ဝေမယ်လို့ ချိန်းခြောက်ပြောဆိုမှုတွေအထိ တစ်ဖက်က ကျူးလွန်လာရင် မိဘသော်လည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေအဆင့်အထိ တိုင်ကြားမှုတွေ ပြုလုပ်သင့်ပါတယ်။

Social Media များကို ကောင်းမွန်စွာအသုံးချတတ်မယ်ဆိုရင် ရရှိလာမယ့်အကျိုးရလဒ်တွေကလည်း များပြားလှပါတယ်။ မိမိဘဝတိုးတက်ရေးအတွက် ပညာရေးဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊ ဗဟုသုတုဆိုင်ရာစတဲ့ကဏ္ဍများစွာကို လေ့လာနိုင်ပါတယ်။ မိမိနဲ့ပြင်ပမှာ ရင်းနှီးကျွမ်းဝင်တဲ့ သူငယ်ချင်း၊ မိတ်ဆွေများနဲ့လည်း အဆက်ပြတ်မှုမရှိဘဲ ခင်မင်ရင်းနှီးမှုတွေကို တိုးမြင့်စေပါတယ်။ အဝေးရောက်သူငယ်ချင်းတွေနဲ့လည်းအဆက်ပြတ်မှုမရှိတော့ပါဘူး။ အချိန်နဲ့တပြေးညီသတင်းအချက်အလက်တွေကို မျှဝေသိရှိနိုင်ပါတယ်။ Social Media တွေနဲ့ ပတ်သက်ပြီး ကောင်းသော အသုံးချမှုများက အများအပြားရှိပါတယ်။

မိမိနဲ့ ပြင်ပမှာ သိကျွမ်းခင်မင်မှုမရှိတဲ့သူများက ငယ်ရွယ်နှနယ်သေးတဲ့ကလေး၊ လူငယ်တွေအတွက် မမြင်နိုင်တဲ့ အန္တရာယ်ပေါင်းများစွာကို ဆောင်ယူလာနိုင်ပါတယ်။ လူကြီးများအနေနဲ့လည်း သတိပြု ထိန်းသိမ်းပေးရင်း Social Media ကနေ ဘဝအတွက်အကျိုးရှိတဲ့အရာများကို အသုံးချနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ■

FrieslandCampina

Friesland Campina is one of the world's five largest dairy companies, with roughly 20.000 employers and the annual revenue of 11.4 billion euro. Today we are serving the Myanmar Market with brands like Dutch Lady, Foremost, My Boy, Falcon and Yomost. We offer competitive salaries and attractive benefits package, as well as a dynamic working environment.

About the role-Distributor Sales Manager

- Handling day to day operation of distributor sales operation
- Ensure sales plans and key account strategies are implemented
- Responsible for direct selling in key carrier accounts, solving moderately complex issue from internal and external customers, variables to identify root cause within job area
- Lead the functional teams towards the launch and promotion of the product

Key criteria of Employability

- Customer Management
- Sales management, distributor/area management experience in FMCG/retail channel
- Understanding Business Sales Review, Cost and Budget Management
- Understanding Personnel Management and Team Development

Required skills & Character

- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills, Proficiency of MS Office and English knowledge will be a bonus
- Passionate team player, Pragmatic, Flexible and results-oriented
- must have valid driving license and willing to travel

Interested and qualified candidates are encouraged to send resume yuwah.mon@frieslandcampina.com or MICT Park, Building 18, Level 6, Hlaing Township, Yangon not later than 31st May 2016. 01-2305374/5 (ext; 122)

ပြင်းထန်တဲ့စိတ်ဖိစီးမှုတွေအောက် ရောက်နေပြီဆိုရင် လူတွေရဲ့ ခန္ဓာကိုယ်က အလိုအလျောက်ပြသလာနိုင်တဲ့ လက္ခဏာရပ်လေးခု

o if[m oifU vkf oifU c pf&eY
v uf&Sexkf lt ajc t aeaw pwmaweY
ywf oufyD , fv muf yuf pm;uf pm;
wpfckk rv kewwfyD , fv kS kdm;&
au:eyfr&Sv cH,rr uk H;zl y ov m;?
oifupöwuk D ajrmu&r , ft qif wpfck
au mfat mifr vkyEkf olqkwmeY oif[m
quf vkyEkf wmh t m;t ifukcef ovkd
jzpfvmy vdrf , f

'Dkef Soifh Swpfckk S, if aeyD
qkwmuk oifcEmuk fu t vkd av muf
tcuf yvuPmaw xkwfay;y vdrf , f
oifu t 'DuPmawuk m;ax mifhyk/

1/ t&ifux uf oifyk D
armyef v , fvmr , f

t vkfuk aeaY&mna&mrjywf quf
wkd fvkfch wae Yuaw &Sd ov m;?
aemuf yD wyD wpfckS 16 em&D vmuf xd
tcef uk ch ov m;?

wu , fvk pfl w , fqkd if t 'Dk eY
awuk fom;wmeY oif[mpdwfpD awmeY
uk awV m&Ekf w , fwu , fwr fqkd if
oif[mcEmuk fuk aeY&mna&mquf wkd f
rck foif ybl? tem;ay;oif w , fwpf
zuf Svnf em&Dnf enf av muft vkf
vkf vmeY armaewwfwmrS duvnf oifh
twuf aumif whuPmr [kwf yef ybl/

opfyh m&Sa w&aV w&Suft &awmh
vlwcsD m olwkd wfpD eY uk awV m
&yD kd if cEmuk fu armyef v , fvmwwf
w , fvk d ay w , f t vkf vkf ae&if eY
awmif t ay mfom;wmr saw mif zpfwwf
w , fvk d ay w , fpdwfpD zpfvm&if
oif cEmuk fuk a&&Sfqk u saw &Sm
ap Ekf w , farmyef v , fvmwmr saY h

cEmuk fu Spdwfpd Eef rif vmr , fqkd if
oif uk d v , fv , fu uly armyef vmapy;

2/ upöwmfawmfrsm;rsm;rS
vkd xuf yk D Mef wwfvmr , f

]] olwk d uk ar om;uyD 'Dpöuk
b , fvk S, kd ol}}

wpfcwpf&Sm rS yf xJqef vS h
tao;tzupöv;wpfckv muf uk &;uD
cif u , fvkyf D t vef t u H vkf wwf u
olwcsD uk ef awmfvk d wzl y vdrf , f

wu , fvk d if uk f vk d vnf t 'Dk
rsdt vef t u H yk ef awwfwmrsd&e
w , fvk d if ne D em;rS&d ol awr sm;
ajymvmyD k d if aocsmyw , f oif[mvnf
pdwfpD eY if qk ae&w , fqkd wm/ t 'Dk
uk yD k d if oif aocsmxk d Ofpm;yD pdwf
zpfD avmhusm;at mif b , fvk d yk f v

qkd wmeY wf oufyD nf fvr f&Sd if yw , f

3/ ykd Sxuf oif ac;xuf sm;vmr , f

ue ef awmfeY ue ef awmf ol , f c if wk d
uvnf yef awh tcef t 'D S , f&wyf pöif
awuvnf t&rf av;awmhue ef awmf ac;
xuf vmyw , f 'ayrh ac;xuf Eef u
ue ef awmf t ya , m*us if wk f u xuf ch h
Eef t wk d f sm;aew muk d wd sm;rd yw , f

'Dk d yk S xuf yk d od mom ac;
xuf Eef rsm;wmupdwfpD at muf a&muf
aevkyfzpfyw , fpdwfpD umif cEmuk f
ac;yk d uf apyw , f

4/ oif[muk f uk d f uk f pum;aw
t rsm;uf ajymr , f t yuf oab m

aqmif wh pum;awomjzpf aer , f

pdwfpD eY if qk ae&olaw [myk S
tm;jzifol wk d ompum;awajymaeavh
pum;awyuk f uk d f uk f ajymrd eyvdrf , f

oif vnf t 'Dk wpfuk f wnf pum;
t rsm;uf ajymaer d D k if uk d wd sm;
rd oif w , fwu , fvk d yk f uk d f om omajym
&if t yuf oab maqmif wh pum;awxuf
aew , fqkd if oif aqmif wh pdwfpD awuk d b , f
vk d vmh&rvqk d wmypöfpm;zk d wk d myf yD
wu , fvk d yuf oab muae t jyoab m
aqmif wh pum;awuk f uk d f uk f ajymrd
at mif vkf aqmif Ekf yD k d if awmh pdwfpD
rawuk d vmh Ekf wh vuPmvnf jzpf
yw , f ■

Comments Welcome

STRATEGY FIRST INSTITUTE rS aumif om;? aumif or sm;
t qif ajyr sm; t wuf q&mOa@t mif cif (Principal) ok d
wk d f½k d f uf o , fwk d f um;Ekd ef zk ef yWE S d vu email
rsm;uk d vnf at muf wif azmf jyxm;yonf

(09) 250 7171 66~68

aungchitkhin@mystrategyfirst.com

သီတင်းကျွတ် ဘယ်သွားကြမလဲ

SFJ Team

သီတင်းကျွတ်ကျောင်းပိတ်ရက်တွေနီးလာပြီဆိုတော့ ကျောင်းပိတ်ရက်မှာ သွားရောက်လည်ပတ်လို့ရမယ့် ပြည်တွင်းခရီးစဉ်တွေကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ သီတင်းကျွတ်ကျောင်းပိတ်ရက်အတွက် အထူးခရီးစဉ်များ၊ အထူးဈေးနှုန်းများဆိုတဲ့ ကြော်ငြာအမျိုးမျိုးကို ခရီးသွားကုမ္ပဏီတွေက လူမှုကွန်ရက်တွေမှာ အပြိုင်အဆိုင်ကြော်ငြာလျက်ရှိပါတယ်။ခရီးသွားဈေးသူများအတွက် သီတင်းကျွတ် ကျောင်းပိတ်ရက်မှာအပန်းပြေရွှင်လန်းစေမယ့်ခရီးစဉ်တွေကို ရွေးချယ်လည်ပတ်နိုင်ဖို့အတွက်ခရီးစဉ်တချို့ကို SFJ Team က ရွေးချယ်ဖော်ပြပေးလိုက်ရပါတယ်။

ပေလီကမ်းခြေ

ပင်လယ်ကမ်းခြေနှစ်သက်သူတွေအတွက် ပေလီကမ်းခြေကို လမ်းညွှန်ပါရစေ။ ပေလီကမ်းခြေက ၂၀၁၆ အာရှမှာ သွားရောက်လည်ပတ်ဖို့အကောင်းဆုံးကမ်းခြေများထဲမှာကမ်းခြေတစ်ခုအဖြစ် ကမ္ဘာ့ခရီးသွားဝန်ဆောင်မှု အဖွဲ့ဖြစ်တဲ့ Trip Advisorက ညွှန်းဆိုထားပါတယ်။ နိုင်ငံတကာကတောင် အသိအမှတ်ပြုထားရတဲ့ အလှဆုံးကမ်းခြေကို ခရီးသွားချစ်သူတွေ သွားရောက်ဖို့ တိုက်တွန်းလိုက်ရပါတယ်။

လက်ရှိမှာ ပေလီဒေသခံ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း ရှိလာပြီဖြစ်တဲ့အတွက် ယင်းတို့နဲ့ ချိတ်ဆက်သွားရောက်မယ်ဆိုရင်ပေလီကမ်းခြေတင်မကဘဲကမ်းခြေအနီးအပါးရှိ စိတ်ဝင်စားဖွယ် ကျွန်းများ၊ နေရာများဆီသို့ သွားရောက်လည်ပတ်ခံစားနိုင်မှာ ဖြစ်ပါတယ်။

ငပလီကမ်းခြေမှာ အပန်းဖြေပြီး ရေကူး၊ ရေငုပ်နိုင်မယ့် ခံစားမှုတွေကို ပုလဲကျွန်းဆီသို့ သွားရောက်ကာ အပန်းဖြေနိုင်မှာ ဖြစ်ပါတယ်။ သံတွဲမြို့ပေါ်ရှိတန်ခိုးကြီးဘုရားများကိုဖူးမျှော်ရင်း ဈေးတွေကိုလျှောက်ပတ်ကြည့်ကာဒေသထွက်ကုန်တွေကိုလည်း ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

ငပလီဒေသခံ ခရီးသွားဝန်ဆောင်မှုအဖွဲ့တွေကို ချိတ်ဆက်ပြီး Express ကားနဲ့ သွားရောက်မယ်ဆိုရင် ၃ည - ၄ရက် ခရီးစဉ်အတွက် ကျပ်တစ်သိန်းဝန်းကျင်မှ နှစ်သိန်းခွဲ ဝန်းကျင် အထိဈေးနှုန်းအသီးသီးရှိပါတယ်။ရန်ကုန်ကနေ ကားစီးချိန် (၇) နာရီလောက်ကြာမှာဖြစ်ပါတယ်။ ဟိုတယ်မှာ တည်းခိုနိုင်သလို မိုတယ်နဲ့ ဒေသခံအိမ်များမှာလည်း မိမိနှစ်သက်ရာမှာ ရွေးချယ်တည်းခိုနိုင်ပြီး တည်းခိုတဲ့နေရာအပေါ်မူတည်ကာ ဈေးနှုန်းကွာခြားသွားမှာဖြစ်ပါတယ်။

မြိတ်ကျွန်းစု

သီတင်းကျွတ်ကျောင်းပိတ်ရက်အတွက် သွားရောက်အပန်းဖြေနိုင်မယ့် Adventure Trip လေးတစ်ခုကို ညွှန်းပါရစေ။ မြန်မာပြည်တောင်ဘက်အဖျားမှာရှိတဲ့ ကော့သောင်း - မြိတ်ကျွန်းစု ခရီးစဉ်ဖြစ်ပါတယ်။

ရန်ကုန်ကနေ ကော့သောင်းကိုလေယာဉ်နဲ့ သွားရောက်မှာဖြစ်ပြီး ကော့သောင်း၊ သူဌေးကျွန်း၊ ကြက်မောက်ကျွန်းနဲ့ ထိုင်းနိုင်ငံဘက်ကရနောင်းမြို့တွေကို သွားရောက်မယ့် ၃ ည - ၄ ရက် ခရီးစဉ်ဖြစ်ပါတယ်။ ခရီးစဉ်အတွင်း ကော့သောင်းမြို့ရှိ ရေတံခွန်နဲ့ ရေပူစမ်းများကို သွားရောက်လည်ပတ်မှာဖြစ်ပြီး မြို့တွင်းရှိ စေတီဘုရားများသို့လည်း သွားရောက်ဖူးမျှော်မှာဖြစ်ပါတယ်။ ဗစ်တိုးရီးယားအင်္ဂလိပ်သို့လည်း သွားဦးမှာဖြစ်ပါတယ်။

သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ နာမည်ကျော် အသည်းပုံသဏ္ဌာန် ဖြစ်ပေါ်နေတဲ့ ကြက်မောက်ကျွန်းဆီသို့သွားရောက်မှာဖြစ်ပြီးရေကျချိန်မှာ ကျွန်းအတွင်းသို့ သွားရောက်ရမယ့် အခိုက်အတန့်က စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံတစ်ခုကိုရရှိစေမှာဖြစ်ပါတယ်။ထိုင်းနိုင်ငံ၊ ရနောင်းမြို့ဘက်သို့လည်း သွားရောက်ဦးမှာဖြစ်ပြီး ဒါကတော့ Shopping ချစ်သူတွေ ကြိုက်နှစ်သက်မယ့် နေရာလေးပဲ ဖြစ်ပါတယ်။ ဈေးနှုန်းချိုသာတဲ့ ထိုင်းကုန်ပစ္စည်းအမျိုးမျိုးကို ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ရနောင်းရှိ ရေပူစမ်း၊ နာမည်ကျော်မီးမလောင်ကျောင်းဆီသို့အလည်အပတ်သွားရောက်နိုင်ပါတယ်။

ကော့သောင်း - ကြက်မောက်ကျွန်း ၃ည - ၄ ရက် ခရီးစဉ်အတွက် ခရီးစဉ်နှုန်းထား ကျပ် ၅၉၀,၀၀၀ ဝန်းကျင် ရှိပါတယ်။ လေယာဉ်လက်မှတ်အသွားအပြန်စရိတ်ပါဝင်ပြီး တခြားဝန်ဆောင်မှုစရိတ်တွေ ထပ်ပေးစရာမလိုတဲ့ စရိတ်ငြိမ်းခရီးစဉ်တစ်ခုဖြစ်ပါတယ်။ဒီခရီးစဉ်ကို ခရီးသွားကုမ္ပဏီတွေက သီတင်းကျွတ်ကျောင်းပိတ်ရက်အတွက် ကြိုတင်စာရင်းတွေ လက်ခံနေပြီဖြစ်ပါတယ်။

ချောင်းသာ၊ ငွေဆောင်

ချောင်းသာနဲ့ ငွေဆောင်ကမ်းခြေများကရန်ကုန်မြို့နေသူများအတွက် မစိမ်းလှတဲ့ခရီးဖြစ်ပြီး ကျောင်းပိတ်ရက်တွေအတွင်း အထူးစည်ကားနေလေ့ရှိပါတယ်။ ချောင်းသာ၊ ငွေဆောင်အပန်းဖြေကမ်းခြေများကရန်ကုန်မြို့ကနေ နာရီပိုင်းနဲ့ သွားရောက်နိုင်တဲ့အတွက်လည်း မိုးရာသီကုန်ဆုံးချိန်လောက်ကစပြီး အမြဲမပြတ်စည်ကားလေ့ရှိပါတယ်။ ကျောင်းအားလပ်ရက်ကာလကတော့ အထူးစည်ကားချိန်ဖြစ်တဲ့အတွက် ဟိုတယ်အခန်းခနှုန်းထားများမြင့်လေ့ရှိပါတယ်။

ရက်တိုခရီးစဉ်များ

ရန်ကုန်မြို့ကနေ ကုန်ကျစရိတ်သက်သာသော ရက်တိုခရီးစဉ်များလည်း ရှိပါတယ်။ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်ဘက်သို့ ခြေဆန့်မယ့် ရက်တိုခရီးစဉ်များကို ကျပ် ၃၅၀၀၀ ဝန်းကျင်နဲ့ခရီးသွားကုမ္ပဏီတွေကဝန်ဆောင်မှုပေးနေပါတယ်။ အပန်းလည်းပြေ၊ ဒေသန္တရဓလေ့သုတများလည်း ရစေမယ့် သံတောင် - ဖိုးကျားဆင်စခန်းခရီးစဉ်နဲ့ဇင်းကျိုက် - ကျိုက္ခမီခရီးစဉ်များကို ရွေးချယ်ကာ သွားရောက်လည်ပတ်နိုင်ပါတယ်။ သီတင်းကျွတ်ကာလအတွင်း ခရီးသွားချစ်သူများအနေနဲ့ စိတ်အပန်းပြေရွှင်လန်းကြပါစေလို့ SFJ Team က ဆန္ဒပြုလိုက်ရပါတယ်။ ■

Marketing Tips

ဝမ်း

မားကတ်တင်းသမားတွေအနေနဲ့ ခုနောက်ပိုင်းမှာ သူတို့တွေရဲ့မားကတ်တင်းလုပ်ငန်းတွေ ပေါက်ရောက်နိုင်ဖို့အရေး စိန်ခေါ်မှုတွေနဲ့သာ ထပ်တိုးပြီးတော့ ရင်ဆိုင်လာနေရပါတယ်။ မားကတ်တင်းအတွက် အသုံးစရိတ် ဘက်ဂျက်တွေ ထပ်တိုးတာနဲ့တင် မလုံလောက်တော့ဘဲ Customer တွေနဲ့ ထိတွေ့မှုပိုရှိလာအောင်နဲ့ လူအများအာရုံစိုက်လာနိုင်အောင် နည်းလမ်းသစ်တွေ ရှာဖွေကြရပါတော့မယ်။

ဒါဆိုရင် ဘယ်လိုမျိုး ပုံစံနည်းလမ်းတွေနဲ့ လုပ်ဆောင်နိုင်မလဲ။

Target Market တစ်ခုကိုအာရုံစိုက်ပါ။

မားကတ်တင်းလုပ်ငန်းတွေ ထိရောက်မှုရှိဖို့အတွက် သင်ပြောချင်တဲ့ Message ဟာ အများအမြင်မှာ နှစ်လိုဖွယ်ကောင်းဖို့ လိုအပ်သလို Customer တွေအနေနဲ့လည်း ယုံကြည်ဖို့လိုပါတယ်။ သင့်ရဲ့ဖောက်သည်တွေနဲ့ တိုက်ရိုက်ထိတွေ့ပြောဆိုရခြင်းအားဖြင့်လည်း သင်ပြောချင်တဲ့ အကြောင်းအရာက သူတို့တွေရဲ့ စိတ်အာရုံမှာ ဝင်ရောက်ကပ်ငြိသွားနိုင်ပါတယ်။

ဒါဆိုရင် အဲဒါမျိုးကို ဘယ်လိုလုပ်ရမလဲ၊ သင့်အနေနဲ့ သင်ရည်ရွယ်ထားတဲ့ဈေးကွက်ဟာ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုတာ တိတိကျကျ ဖော်ထုတ်သိရှိထားရပါလိမ့်မယ်။

သင်ပစ်မှတ်ထားထားတဲ့ Customer တွေကဘယ်သူတွေလဲ၊ အလုပ်နဲ့ပျော်ရွှင်မှုအတွက် သူတို့တွေ ဘာတွေလုပ်တတ်ကြသလဲ၊ သူတို့တွေ ဘာကို စိတ်ဝင်စားကြတာလဲ၊ သူတို့တွေရဲ့အကြိုက်ဆုံး တီဗီလိုင်းတွေက ဘာတွေဖြစ်မလဲ၊ သတင်းအချက်အလက်တွေ သူတို့ဘယ်နေရာတွေကနေ ရနေတတ်တာလဲ၊ ကျေနပ်အားရမှုဆိုတာကို သူတို့တွေ ဘယ်လိုဆုံးဖြတ်တတ်ကြသလဲ၊ သူတို့တွေရဲ့အခက်အခဲတွေ၊ လိုအပ်ချက်တွေ ဘာတွေလဲ၊ ပြဿနာတစ်ခုဖြစ်လာရင် ဖြေရှင်းတဲ့နေရာမှာ ဘာတွေက သူတို့အတွက် အတားအဆီးတွေဖြစ်နေမလဲ၊ တကယ့်စားသုံးသူဖောက်သည်တစ်ဦးရဲ့သရုပ်ကို အရင်ဆုံး ပုံဖော်ဖန်တီးပါ။

သူတို့တွေနဲ့ စကားပြောဆိုတဲ့အခါ သူတို့ဘာသာစကားနဲ့ ပြောပေးပြီးတော့ ဒုက္ခအခက်အခဲတွေကို ကိုယ့်ဘက်က နားလည်ကြောင်းပြသပါ။ သင့်ထုတ်ကုန်ဝန်ဆောင်မှုက သူတို့အတွက် ပြဿနာတွေဖြေရှင်းပေးနိုင်တယ်လို့ ပြောပါ။ သင့်ရဲ့ပုဂ္ဂိုလ်ရေးသတ်မှတ်ချက်ကသင်နဲ့ တိုက်ရိုက်ထိတွေ့ပြောဆိုနေတယ်ဆိုတာကို ခံစားမိတာနဲ့ သင်သူတို့ဆီကို သင့်ရဲ့ပစ္စည်း၊ ဝန်ဆောင်မှုတွေ ရောင်းချနိုင်ဖို့ မျှော်လင့်နိုင်ပါပြီ။

Industry ထဲမှာ ဦးဆောင်နိုင်တဲ့ကုမ္ပဏီဖြစ်အောင်လုပ်ပါ။

သင်လုပ်နေတဲ့ ကုမ္ပဏီဟာ သက်ဆိုင်ရာနယ်ပယ်လုပ်ငန်းကဏ္ဍထဲမှာ တီထွင်ဆန်းသစ်မှုရှိပြီးခေတ်နဲ့လိုက်လျောညီထွေမှုရှိကာဖောက်သည်တွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တဲ့ လုပ်ငန်းဖြစ်အောင်လုပ်နိုင်ဖို့အရေးကြီးပါတယ်။ အဲဒီလိုဆိုရင် သင့်ရဲ့ဈေးကွက်ကြော်ငြာမှုပိုင်းမှာလည်းကောင်းကျိုးတွေရလာမှာပဲဖြစ်ပါတယ်။

အသုံးဝင်မှု၊ လက်တွေ့ကျမှုတွေနဲ့အတူ သင့်ရဲ့ဖောက်သည်ပရိသတ်ကိုအံ့အားသင့်သွားနိုင်မယ့် အကြောင်းအရာတွေဖန်တီးပါ။ သင့်ရဲ့ဝက်ဘ်ဆိုက်ကိုလည်း ဖောက်သည်တွေ ဝင်ကြည့်ချင်လောက်အောင် ပြုပြင်ဖန်တီးထားပါ။ ကိုယ်လုပ်ကိုင်နေတဲ့ Industry နဲ့ပတ်သက်တဲ့ အကြောင်းအရာအလုံးစုံကို ဝက်ဘ်ဆိုက်မှာ သိနိုင်ပါစေ။ ဒီလိုမျိုးလုပ်ရင် ဈေးကွက်ထဲမှာ သင့်လုပ်ငန်းကို အရှိန်ကောင်းတွေ ပိုရလာပါလိမ့်မယ်။ ကိုယ့်လုပ်ငန်းအပေါ်မှာ ယုံကြည်မှုထားဖို့လိုအပ်သလိုပြိုင်ဘက်တွေကိုပုတ်ခတ်ဖို့ မကြိုးစားပါနဲ့။ အဲဒါက သင်ခက်ခက်ခဲခဲ တည်ဆောက်ထားရတဲ့ ဂုဏ်သတင်းကို ထိခိုက်ပျက်စီးသွားစေနိုင်ပါတယ်။

နယ်ပယ်သစ်တွေကို တိုးချဲ့ရှာဖွေပါ။

မားကတ်တင်း လုပ်ငန်းတွေအတွက် Platform အသစ်တွေကို ရှာဖွေအသုံးချပါ။ သင်လိုချင်တဲ့ ဖောက်သည်တွေ အွန်လိုင်းပေါ်က ဘယ်လိုနေရာတွေမှာ အချိန်များများပေးသုံးတတ်ကြသလဲဆိုတာကို သိအောင်လုပ်ပြီး အဲဒီကိုရောက်အောင်လုပ်ပါ။ သူတို့ဆီကိုပေါက်ရောက်နိုင်ဖို့ Platform အသစ်တွေ ရှာဖွေပါ။

ဥပမာအနေနဲ့ Snapchat ကို အသုံးပြုပြီး ကြော်ငြာနဲ့မားကတ်တင်းတွေလုပ်ဖို့ကို ကုမ္ပဏီတွေက တွန့်ဆုတ်မှုတွေရှိနေခဲ့ပါတယ်။ ဒါပေမဲ့လည်း အခွင့်အရေးမြင်တဲ့သူတွေကတော့ ဒီပေါ်မှာပဲ စီးပွားရေးလုပ်ငန်းတွေအတွက် ကြော်ငြာတာနဲ့ပရိသတ်ထောက်ခံမှုရဖို့အတွက်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ခုချိန်မှာဆိုရင်လည်းလုပ်ငန်းရှင်တချို့ဟာ နာမည်ကျော် Pokemon Go ဂိမ်းကိုအသုံးချပြီး သူတို့တွေရဲ့စီးပွားရေးလုပ်ငန်းတွေကို အရောင်းမြှင့်တင်နိုင်ဖို့ ကြိုးပမ်းလာနေတာကို တွေ့နိုင်ပါတယ်။

နောက်ပိုင်း ဒါတွေရဲ့ပေါက်ရောက်နိုင်မှု အရှိန်နှုန်းတွေ တဖြည်းဖြည်းချင်း ကျဆင်းသွားကောင်းသွားနိုင်ပေမယ့် သင့်ရဲ့အကျိုးအတွက် အလျင်အမြန်အခွင့်အရေးကို အသုံးချတတ်ဖို့လိုပါတယ်။ နောက်တစ်နှစ်လောက်ဆိုရင် Snapchat ဟာလည်းအခြားအသစ်အသစ်တွေကြောင့် နေရာပျောက်ကောင်းပျောက်နိုင်ပေမယ့် ဒီပေါ်မှာ လူအများ အာရုံကျနေသမျှကာလပတ်လုံး သင့်အနေနဲ့လည်း ဝင်ရောက်အခွင့်ကောင်းယူသင့်ပါတယ်။ ဒီနေရာမှာ သင်လိုအပ်တာက လျင်မြန်ဖို့နဲ့ ဖန်တီးမှုရှိဖို့ ဖြစ်ပါတယ်။

■





in partnership with

STRATEGY FIRST INSTITUTE

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study

SIGNATURE M.B.A

September Intake

- သင်တန်းများ စက်တင်ဘာလ (၃၀) တွင် စတင်ပါမည်။
- Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International Universities သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းကျော်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် စက်တင်ဘာလ (၂၀) ရက်

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon

#239, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

Apply now: (09) 450177770

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.

ကျိုက်ထီးရိုးစေတီတော်ဇရိယာအတွင်း စီးပွားရေးလုပ်ငန်းများ ဥပဒေလိုက်နာရန် ပျက်ကွက်ပါက တရားစွဲအရေးယူမယ်

ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် ပရိဝုဏ်နဲ့ ဆက်စပ်ဇရိယာအတွင်း ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းများအနေနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ကြရန်နဲ့ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမယ်လို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်မှာ သတိပေးထုတ်ပြန်လိုက်ပါတယ်။

ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ကို အကြောင်းပြုပြီး စီးပွားရေးလုပ်ငန်းရှင်တချို့က ဥပဒေမဲ့ဟိုတယ်၊ တည်းခိုခန်းများ တည်ဆောက်ခြင်းကြောင့် ရေးဟောင်းအဆောက်အဦရဲ့မြင်ကွင်း၊ သဘာဝမြင်ကွင်းများကို အဟန့်အတားဖြစ်စေပြီး အထပ်မြင့်ဟိုတယ်များကြောင့် မြေသားခိုင်မာမှုကို ပျက်စီးစေကာ မြေသားပြတ်ရွေ့မှုများ ဖြစ်ပေါ်လာစေနိုင်တယ်လို့ ထုတ်ပြန်ချက်မှာ ထည့်သွင်းဖော်ပြထားပါတယ်။

SFJ Team

(၄) နှစ်အတွင်း အဆိုးရွားဆုံးအဖြစ် ၁၄ ဒသမ ၃ ဘီလီယံ ဆုံးရှုံးသွားတဲ့ Samsung



တောင်ကိုရီးယား နည်းပညာကုမ္ပဏီကြီးဖြစ်တဲ့ Samsung Electronics Co.,Ltd ဟာမီးလောင်ပေါက်ကွဲမှုပြဿနာတက်ခဲ့တဲ့ ယင်းရဲ့နောက်ဆုံးထုတ် Galaxy Note 7 ဖုန်းတွေကို ဈေးကွက်ထဲကနေ ပြန်သိမ်းနေခဲ့ရပြီးနောက် ယခုအခါကုမ္ပဏီရဲ့အစုရှယ်ယာတန်ဖိုးတွေဟာ နှစ်လအတွင်း အနိမ့်ဆုံးနှုန်းထားကို ထိုးကျသွားခဲ့ပါတယ်။

ဖုန်းဘက်ထရီတွေမှာ အားသွင်းရင်း ပေါက်ကွဲမီးလောင်မှုဖြစ်စဉ်တွေ တွေ့ရှိခဲ့ရတဲ့နောက် ဝယ်ယူထားသူဖောက်သည်တွေအနေနဲ့ ယင်းဖုန်းတွေကို အသုံးမပြုတော့ဘဲ ပိတ်ထားကြဖို့နဲ့ပြန်လဲကြဖို့ Samsung ကုမ္ပဏီဘက်က အားချင်းတိုက်တွန်းပြောကြားထားခဲ့ရပြီဖြစ်ပါတယ်။

Bloomberg

Keppel Land က ရွှေတောင်အုပ်စုနဲ့ပူးပေါင်းပြီး Junction City ဒုတိယအဆင့် အကောင်အထည်ဖော်မှုမှာ ပါဝင်လုပ်ကိုင်မည်

စင်ကာပူအိမ်ခြံမြေလုပ်ငန်းဖော်ဆောင်သူကုမ္ပဏီ Keppel Land ဟာ မြန်မာနိုင်ငံက ရွှေတောင်လုပ်ငန်းစုနဲ့ လုပ်ငန်းသဘောတူညီမှုတစ်ရပ် ချုပ်ဆိုပြီးရန်ကုန်မှာရှိတဲ့ Junction City အကောင်အထည်ဖော်မှု ဒုတိယအဆင့်အနေနဲ့ အဆင့်မြင့်လူနေအိမ်ရာတွေနဲ့ရုံးခန်းတွေကို တည်ဆောက်သွားတော့မှာ ဖြစ်တယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၄၈ ဒသမ ၆ သန်း (စင်ကာပူဒေါ်လာ ၆၅ ဒသမ ၄ သန်း) ရှိပြီးအလုံးစုံအပြည့်အစုံပါရှိမယ့် လူနေတိုက်ခန်းအိမ်ရာတွေနဲ့ ရုံးခန်းနေရာ ဖော်ဆောင်မှု လုပ်ငန်းရဲ့ ၄၀ ရာခိုင်နှုန်းကို ရယူပြီး Keppel Land က လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ယင်းလူနေအိမ်ရာတွေမှာဆိုရင် အလုံးစုံမွမ်းမံထားပေးမယ့်တိုက်ခန်းတွေနဲ့ ရုံးခန်းနေရာတွေနဲ့ ထည့်သွင်းဖွဲ့စည်းသွားမှာဖြစ်ပါတယ်။

"မြန်မာနိုင်ငံရဲ့ရှေ့ကာလတွေမှာ ဖြစ်ထွန်းရရှိလာမယ့် အလားအလာကောင်းတွေအပေါ် ကျွန်တော်တို့ ယုံကြည်မှုအပြည့် ရှိပါတယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်တဲ့နေရာမှာ ကျွန်တော်တို့လည်း ပါဝင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်" လို့ Keppel Land ရဲ့ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥက္ကဋ္ဌ Mr Ng Ooi Hooi က ပြောပါတယ်။

Straitstimes

မြန်မာဓာတ်ငွေ့လုပ်ကွက်ကနေ အကျိုးအမြတ်ရရှိမှု ကျဆင်းလာတယ်လို့ Posco Daewoo ထုတ်ပြန်

မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကမ်းလွန်ဒေသမှာ ရေနံနဲ့ဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက် A-1 နဲ့ A-3 တို့မှာတော့ ယခုပထမနှစ်ဝက်ကာလအတွင်း ယခင်နှစ်ကထက်စာရင်းအကျိုးအမြတ်ရရှိမှု ၂၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးတော့ ကိုရီးယား ဝမ် ၂၆၄ ဒသမ ၈ ဘီလီယံ (ဒေါ်လာ ၂၃၈ ဒသမ ၈၀ သန်း) သာရရှိခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ ဒီဇင်ဘာလနောက်ပိုင်း လုပ်ငန်းထဲမှာ တစ်နေ့ဓာတ်ငွေ့ထုတ်လုပ်မှု ရည်မှန်းချက် ကုဗပေသန်း ၅၀၀ ထိရောက်ရှိခဲ့တယ်လို့တော့ ယင်းကုမ္ပဏီက ထုတ်ပြန်ပါတယ်။

ဒါပေမဲ့လည်း အကျိုးအမြတ်ပိုင်းမှာတော့ ကျဆင်းသွားခဲ့တယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ရေနံဈေးကျဆင်းမှု၊ ဒုတိယသုံးလပတ်တုန်းက ဓာတ်ငွေ့ဝယ်လိုအား ကျဆင်းနေမှုနဲ့ လုပ်ငန်းထိန်းသိမ်းပြုပြင်မှုပိုင်းမှာ သုံးစွဲရမှုစတာတွေကြောင့် ယခုလို အမြတ်အစွန်းရရှိမှု ကျဆင်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

SFJ Team

လာမယ့်ငါးနှစ်အတွင်း အရှေ့တောင်အာရှဒေသတွင်း E-Commerce ဈေးကွက် နှစ်ဆတိုးတက်ကျယ်ပြန့်လာမယ်

အရှေ့တောင်အာရှဒေသရဲ့ အီလက်ထရောနစ်စီးပွားရေးလုပ်ငန်းဈေးကွက် လာမယ့်ငါးနှစ်အတွင်း ယခုထက်နှစ်ဆကျယ်ပြန့်လာမယ်လို့ အစီရင်ခံစာတစ်ရပ်မှာ ထုတ်ပြန်ခန့်မှန်းသွားခဲ့ပါတယ်။ ဒေသတွင်း ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေက ဒေသတစ်ခုလုံးရဲ့ e-commerce လုပ်ငန်းမှာ အဓိကမောင်းနှင်သူတွေ ဖြစ်လာမယ်လို့လည်း ခန့်မှန်းထားခဲ့ပါတယ်။

ဈေးကွက်သုတေသန လုပ်ငန်းတစ်ခုဖြစ်တဲ့ Frost & Sullivan က ထုတ်ပြန်ခဲ့တဲ့အစီရင်ခံစာထဲမှာတော့ ဒေသတွင်းစီးပွားရေးကနေစပြီးတော့ လူသုံးကုန်အီလက်ထရောနစ် ကုန်သွယ်မှုလုပ်ငန်းတွေကနေ ရရှိလာမယ့် အခွန်ဝင်ငွေပမာဏပိုင်းမှာ လာမယ့် ငါးနှစ်အတွင်း တစ်နှစ်ကို ၁၇ ဒသမ၇ရာခိုင်နှုန်းနဲ့တိုးတက်လာမယ်လို့ ဖော်ပြထားပါတယ်။

Nikkei

အခုဘင်္ဂလားနှစ် (၄) လတာကာလအတွင်း နိုင်ငံကုန်သွယ်မှု ကန်ဒေါ်လာ ၁၁ ဘီလီယံကျော်လာ

အခုဘင်္ဂလားနှစ် (၅) လတာကာလအတွင်း နိုင်ငံ့ကုန်သွယ်မှုကန်ဒေါ်လာ ၁၁ ဘီလီယံကျော်အထိ ရောက်ရှိလာနေတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

၂၀၁၆-၁၇ဘင်္ဂလားနှစ်စက်တင်ဘာလဆန်းပိုင်းအထိ ပို့ကုန်တင်ပို့မှုကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကျော်နဲ့ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံကျော် အထိရောက်ရှိလာခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ထားချက်အရ ပို့ကုန်အုပ်စုတွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၆၄ သန်း၊ ရေထွက်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၀၀ သန်းကျော်၊ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၅၃ သန်း၊ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၅ သန်း၊ စက်မှုကုန်ချောတင်ပို့မှုက ကန်ဒေါ်လာ ၂၁၃၅ သန်းနဲ့ တခြား ပို့ကုန်ပစ္စည်းတင်ပို့မှုတွေမှ ကန်ဒေါ်လာ ၇၇၅ သန်း ရရှိထားပါတယ်။

SFJ Team

တပ်လိုက်တာနဲ့ ကွန်ပျူတာကို ဖျက်ဆီးပေးမယ့် USB flash drive

ကွန်ပျူတာထဲကိုတပ်လိုက်တာနဲ့ချက်ခြင်းကွန်ပျူတာကိုဖျက်ဆီးပစ်နိုင်တဲ့ Memory Stick (flash drive) ပါ။ ပြီးခဲ့တဲ့နှစ်တုန်းက Dark Purple ဆိုတဲ့ ဟက်ကာတစ်ယောက်ဟာ ဒီ Flash Drive ကို စမ်းသပ်တီထွင်ခဲ့တာဖြစ်ပါတယ်။ ဒီပစ္စည်းအကြောင်းကို ကြားရတာ ဟောလီးဝုဒ်ရုပ်ရှင်ကားတွေထဲက ပစ္စည်းတွေလိုပါပဲ။ USB Port ကတစ်ဆင့် ၂၂၀ ဗို့အားကိုလွှတ်ပေးပြီးကွန်ပျူတာကိုပျက်စီးစေမှာဖြစ်ပါတယ်။

ဒီ USB Drive ဟာ ကွန်ပျူတာကိုဖျက်စီးမှာဖြစ်ပေမယ့် Hard Drive ကိုတော့ ထိခိုက်မှုမရှိစေလောက်ဘဲ Data တွေလည်း ပြန်ရနိုင်လောက်ပါတယ်လို့သိရပါတယ်။

အခုအချိန်မှာ USB Kill Drive 2.0 လို့ခေါ်တဲ့ အလားတူပစ္စည်းကို ဟောင်ကောင်ကုမ္ပဏီတစ်ခုက ဒေါ်လာ ၅၀ နဲ့ရောင်းချဖို့စီစဉ်နေပါပြီ။

USB Kill 2.0 ဟာ ကွန်ပျူတာကုမ္ပဏီထုတ်လုပ်တဲ့ ကုမ္ပဏီတွေမှာ USB Port ရဲ့ ကြံ့ခိုင်မှုကို စမ်းသပ်ရာမှာအသုံးပြုဖို့အတွက် ရည်ရွယ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။

gizmodo

How too many rules at work keep you from getting things done

သီဟ

ယနေ့ခေတ်ရဲ့စီးပွားရေးလောကကြီးမှာ ခေါင်းဆောင်ကောင်းတွေ၊ စီးပွားရေးမှာအောင်မြင်အောင်ဦးဆောင်သူတွေဆိုတာ နေရာပေါင်းစုံကထွက်ပေါ်လာနေပါပြီ။ ခေါင်းဆောင်ဆိုတာ MD နဲ့ CEO ကိုပဲဆိုလိုတဲ့ခေတ်လည်းမဟုတ်တော့ပါဘူး။

MBA ရထားမှ Management ကျောင်းတက်ထားမှ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်နိုင်တာလည်း မဟုတ်ပါဘူး။ သင်ရထားတဲ့နေရာ၊ ရောက်ရှိနေတဲ့နေရာကနေပဲ အကောင်းဆုံးကြိုးစားပြီးတော့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်။ ဒီလိုမျိုး အလုပ်ခွင်ပတ်ဝန်းကျင်မှာအောင်မြင်တိုးတက်တဲ့ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ Ted talk က အစီစဉ်လေးတွေကြည့်ရင်းနဲ့လည်း အတွေးအမြင်တွေ ရရှိနိုင်ပါတယ်။

Strategy First Times ရဲ့ Ted Talk ကဏ္ဍမှာ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကိုအပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Play Store၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Yves Morieux ရဲ့ how too many rules at work keep you from getting things done ဆိုတဲ့ Video

ကို ဖော်ပြထားပါတယ်။ Yves Morieus ဟာ Boston Consulting Group ရဲ့ Washington D.C ရုံးခွဲမှာ Senior Partner တစ်ယောက်ဖြစ်ပြီးတော့ BCG Institute for Organization မှာလည်းဒါရိုက်တာတစ်ယောက်ဖြစ်ပါတယ်။

ဒီဗီဒီယိုမှာကျွန်တော်တို့နေထိုင်နေတဲ့ပတ်ဝန်းကျင်ရဲ့စွမ်းဆောင်ရည်တိုးတက်စေတယ်လို့ ယုံကြည်ထားတဲ့သတ်မှတ်ချက်တွေ၊ တိုင်းတာချက်တွေ၊ စံချိန်စံညွှန်းတွေဟာ တကယ်တော့ လူတစ်ယောက်ရဲ့စွမ်းဆောင်ရည်နဲ့ ရလဒ်တွေကို လျော့ကျစေတဲ့အကြောင်းအရင်းတွေ ဖြစ်တယ်ဆိုတာကို ရှင်းလင်းပြောကြားထားပါတယ်။



The Strategy First Times

Editor-in-Chief
Aung Chit Khin

Advisor
Dr. Sein Min

Editor-in-Charge
Thiha Ko Ko

Senior Reporter/ Assistant Editor
Naing Naing Zaw

Translation Editor
Thiha Than Naing

Contributors
NCC Students

Layout & Design
War War Tun

Senior Business Manager
Aung Kyaw Htay
May Thet Hnin

Free Distribution

Price - Free
Circulation - 2500

Publisher
Aung Chit Khin
(Reg - 01221)

Printing House
U Tun Aung
(Seinnagar - 00713)

Address
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

Amancio Ortega



ဝါဒ

Amancio Ortega လို့ပြောရင် လူတော်တော်များများမသိကြပါဘူး။ သူဟာ ဥရောပမှာအချမ်းသာဆုံးသူဖြစ်ပြီး အခုလောလောဆယ်မှာကမ္ဘာနံပါတ် (၂) နဲ့ Bill Gates အနောက်မှာရပ်တည်နေတဲ့ ကမ္ဘာ့ဒုတိယမြောက် အချမ်းသာဆုံး ဘီလီယံနာသူဌေးကြီးတစ်ယောက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ် အနည်းငယ်တုန်းက (၂) ရက် (၃)ရက်မျှ သူ့ရဲ့ချမ်းသာကြွယ်ဝမှုက Bill Gates ကို ကျော်တက်သွားပြီး ကမ္ဘာ့အချမ်းသာဆုံးဖြစ်သွားခဲ့ပါသေးတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတုန်းကလည်း သူ့ကုမ္ပဏီရဲ့ရှယ်ယာတွေ ထိုးတက်သွားတာကြောင့် Bill Gates ကို နာရီအနည်းငယ်လောက်ကျော် သွားနိုင်ခဲ့ပါသေးတယ်။

Amancio Ortega ဟာ စပိန်နိုင်ငံသားတစ်ယောက်ဖြစ်ပြီး ၁၉၃၆ မှာမွေးဖွားခဲ့တာကြောင့်အခုဆိုရင် အသက် ၈၀ ရှိနေပြီဖြစ်ပါတယ်။ Ortega ဟာ Inditex ကုမ္ပဏီရဲ့စတင်တည်ထောင်သူဖြစ်ပြီး Inditex ဟာ ကမ္ဘာတစ်ဝန်းကျင်ကြားတဲ့ ဖက်ရှင် Brand တွေဖြစ်တဲ့ Zara၊ Zara Home ၊ Pull & Bear ၊ Massimo Dutti ၊ Bershka ၊ Stradivarius၊ Oysho၊ Uterque စတာတွေကို ထုတ်လုပ်နေတဲ့ ကုမ္ပဏီကြီးဖြစ်ပါတယ်။

Ortega ဟာ ချမ်းသာကြွယ်ဝမှုအရဆိုရင် ကမ္ဘာထိပ်သီး (၅) ဦးနေရာမှာ ရပ်တည်နေနိုင်တာ နှစ်ပေါင်းအတော်ကြာနေပြီဖြစ်ပေမယ့် သူ့အကြောင်းကိုအရမ်းလူသိနည်းကြပါတယ်။ သိုသိုသိပ်သိပ်ပဲနေတတ်သလို မီဒီယာတွေနဲ့လည်းအဆက်အစပ်နည်းပြီး သူ အလုပ်လုပ်ခဲ့တဲ့ သက်တမ်း နှစ် ၆၀ တစ်လျှောက်မှာ သတင်းထောက်တွေနဲ့ သီးသန့်အင်တာဗျူး ၃၊ ၄ ခုသာပေးဖူးပါတယ်။

ဖခင်ဟာ မီးရထားသံလမ်းဖောက်လုပ်တဲ့ လုပ်သားတစ်ယောက်ဖြစ်ပြီး ငယ်ဘဝကို Ortega ဟာ ချို့တဲ့စွာနဲ့ဖြတ်သန်းခဲ့ရပါတယ်။ Ortega ရဲ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှာ ငယ်စဉ်ကအဖြစ်အပျက်တစ်ခုက သူ့ကိုနာကြည်းစိတ်နဲ့ ကြိုးစားချင်စိတ်ပြင်းပြစွာ ဖြစ်ပေါ်စေခဲ့တယ်လို့ပြောပြထားပါတယ်။ ငယ်စဉ်ကတစ်နေ့မှာ အမေဖြစ်သူနဲ့ Ortega က ဈေးဝယ်ထွက်ခဲ့ပါတယ်။ ဆိုင်ရောက်တဲ့အခါမှာ ဆိုင်ရှင်က သူ့အမေကို အရင်ကအကြွေးတွေ မဆပ်ရသေးခင် အကြွေးထပ်မရောင်းနိုင်ဘူးလို့ပြောတာကို ကြားလိုက်ရတဲ့ Ortega ဟာ သူ့မိသားစုရဲ့ဆင်းရဲမှုအတွက် ဝမ်းနည်းပြီး ကြိုးစားခဲ့တယ်လို့ဆိုပါတယ်။

ငယ်စဉ်က တစ်နေ့မှာ အမေဖြစ်သူနဲ့ Ortega က ဈေးဝယ်ထွက်ခဲ့ပါတယ်။ ဆိုင်ရောက်တဲ့အခါမှာ ဆိုင်ရှင်က သူ့အမေကို အရင်ကအကြွေးတွေ မဆပ်ရသေးခင် အကြွေးထပ်မရောင်းနိုင်ဘူးလို့ပြောတာကို ကြားလိုက်ရတဲ့ Ortega ဟာ သူ့မိသားစုရဲ့ဆင်းရဲမှုအတွက် ဝမ်းနည်းပြီး ကြိုးစားခဲ့တယ်လို့ဆိုပါတယ်။

မှာ အမေဖြစ်သူနဲ့ Ortega က ဈေးဝယ်ထွက်ခဲ့ပါတယ်။ ဆိုင်ရောက်တဲ့အခါမှာ ဆိုင်ရှင်က သူ့အမေကို အရင်ကအကြွေးတွေ မဆပ်ရသေးခင် အကြွေးထပ်မရောင်းနိုင်ဘူးလို့ပြောတာကို ကြားလိုက်ရတဲ့ Ortega ဟာ သူ့မိသားစုရဲ့ဆင်းရဲမှုအတွက် ဝမ်းနည်းပြီး ကြိုးစားခဲ့တယ်လို့ဆိုပါတယ်။ မိသားစုကို နောက်တစ်ခါဒီလိုအဖြစ်မျိုးမကြုံရအောင်လုပ်ဆောင်မယ်လို့ ဆုံးဖြတ်ပြီး Ortega က ၁၄နှစ်အရွယ်နဲ့ ကျောင်းထွက်ကာ အင်္ကျီဆိုင်တစ်ဆိုင်မှာ အလုပ်စလုပ်ခဲ့ပါတယ်။

နှစ်အနည်းငယ်ကြာတဲ့အခါမှာ Ortega ဟာ အဝတ်အထည်လုပ်ငန်းမှာ အတွေ့အကြုံရရှိလာပြီး မိသားစုဝင်တွေနဲ့အတူ ကိုယ်ပိုင်အထည်အလိပ် လုပ်ငန်းတစ်ခုကို ၁၉၆၀ ဝန်းကျင်မှာစတင်တည်ထောင်ခဲ့ပါတယ်။ မကြာခင်မှာပဲ Zara ကိုစတင်နိုင်ခဲ့ပါတယ်။

အခုအချိန်မှာ သူစတင်တည်ထောင်ခဲ့တဲ့ Inditex ရဲ့ CEO ကနေ အနားယူသွားပေမယ့် Board of Director အဖြစ် ဆက်လက်တည်ရှိသေးတဲ့ Ortega က Inditex အခုလိုအောင်မြင်လာတာကို သူကိုယ်တိုင်တောင် မမျှော်မှန်းထားခဲ့ဘူးလို့ဆိုပါတယ်။

Ortega ဟာ တခြားအောင်မြင်ကျော်ကြားတဲ့သူတွေလိုပဲ ဝတ်စုံဒီဇိုင်းတစ်ခုကိုသာနေ့စဉ်ရုံးသွားတဲ့အခါ ဝတ်လေ့ရှိပါတယ်။ နက်ပြာရောင် blazer ကုတ်အင်္ကျီ၊ မီးခိုးရောင်ဘောင်းဘီနဲ့ အဖြူရောင်တီရှပ်ကို နေ့စဉ်ဝတ်ပေမယ့် တစ်ခုမှ Zara က ထုတ်တဲ့ပစ္စည်းတွေ မဟုတ်ပါဘူး။ ဟိတ်ကြီးဟန်ကြီးမထုတ်တတ်တဲ့ Ortega ဟာ ဝန်ထမ်းတွေနဲ့အတူတူ အမြဲတမ်းနေ့လည်စာ စားလေ့ရှိပြီး အားလပ်ချိန်တွေမှာတော့ မြေးတွေနဲ့ အေးဆေးစွာနေတတ်တဲ့သူတစ်ယောက်ဖြစ်ပါတယ်။ လက်ရှိမှာ Amancio Ortega ရဲ့ပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၁ ဘီလီယံရှိနေပြီဖြစ်ပါတယ်။

တနင်္ဂနွေနေ့မွေးသူများ

ဆိုးနေသောအခြေအနေကြားမှကောင်းကျိုးခံစားရမည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ အတိုက်အခိုက်၊ အနောင့်အယှက်များကြားမှ တိုးတက်ခြင်းများဖြစ်ထွန်းမည်။ ငွေကြေးအပေးအယူ လက်ဖြောင်းလက်လွှဲအထူးသတိရှိပါ။ ကြုံတင်တွက်ဆထားသော ဘပြဿနာများဖြစ်မလာဘဲ အသေးစားကိစ္စများမှ ပြဿနာဖြစ်တတ်သည်။ အရာရာကိုယ်တိုင်လုပ်ပါက အောင်မြင်မည်။ သူတစ်ပါးအတွက် ဆောင်ရွက်က ပို၍အောင်မြင်မည်။ တစ်ပါးသူနှင့်တွဲလုပ်သောကိစ္စ အဆင်မပြေ။ တစ်ပါးသူခိုက်ရန်ဖြစ်သည့်ကိစ္စများ ကြားဝင်ခြင်းလုံးဝမပြုရ။ ဖြန်ဖြေကာမှ ပြဿနာကြီးလာကာ မိမိထံအမှုပတ်တတ်၏။ ဤကာလအတွင်း – ကံကောင်းစေသောအရောင် – အပြာ၊ မီးခိုး၊ နက်ပြာ ။ အကျိုးပေးဂဏန်း – ၂၊ ၉၊ ၈၊ ၇ ။ ယတြာ – ဘုန်းတော်ကြီးတစ်ပါးအား ဖိနပ်လှူဒါန်းပါ။

တနလာ်နေ့မွေးသူများ

လုပ်နေကြမဟုတ်သောအလုပ်ကိစ္စများလုပ်ရင်း စိတ်ရှုပ်စရာများဖြစ်တတ်သည်။ စိတ်ပန်း၊ လူပန်းဖြစ်နေဆဲ ထပ်မံ၍ တာဝန်ပို၊ ကိစ္စပိုများကြုံမည်။ ငွေလက်လွန်တတ်သည်။ ကိုယ့်ပစ္စည်းနှင့်ကိုယ် သူတစ်ပါးနှင့်စကားများရတတ်၏။ ဆွေမျိုး၊ မိတ်ဆွေများကို အကြောင်းပြု၍ စကားပြဿနာဖြေရှင်းရမည်။ နေရာထိုင်ခင်းကိစ္စပြောဆိုမှုအောင်မြင်မည်။ မောင်းနှင်နေကြကားမဟုတ်ဘဲ သူတစ်ပါးယာဉ်ကားမောင်းနှင်ရင်းအန္တရာယ်ဖြစ်တတ်သည်။ အိမ်သို့ခြေလေးချောင်းဝင်မည်။ သူတစ်ပါးကိုယုံကြည်လွှဲအပ်ပြီးလုပ်သောကိစ္စများမှ တစ်ခုပြီးတစ်ခု ဝင်လာတတ်ပါသည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အစိမ်းရင့်၊ အဝါ၊ အဖြူ။ အကျိုးပေးဂဏန်း – ဝ၊ ၉၊ ၄၊ ၇ ။ ယတြာ – ကျောင်းသူ၊ ကျောင်းသားတို့အား ဗလာစာအုပ်လှူဒါန်းပါ။

အင်္ဂါနေ့မွေးသူများ

ပြဿနာများမည်။ လူပေါင်းမှားမည်။ ဆုံးဖြတ်ချက်မှားမည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ အမှုအခင်းပတ်သက်ခံရတတ်သည်။ ငွေမြုပ်နှံမှုများမည်။ ရောင်းမှားဝယ်မှားဖြစ်မည်။ အတူတွဲသူသစ္စာဖောက်တတ်သည်။ လျှို့ဝှက်လုပ်သောလုပ်ငန်းပေါ်သွားတတ်သည်။ ဆရာသမားအကြီးအကဲများ၏အထင်သေးခြင်ခြင်မှုခံရတတ်သည်။ မိမိလက်တွင်ရရှိထားသော အခွင့်အလမ်းကို လုပယူသူပေါများမည်။ အလုပ်သစ်မစလင့်။ ပူလောင်ထိရှမှုသတိပြုရမည်။ စီမံလုပ်ခြင်းထက် ချက်ချင်းလုပ်သောကိစ္စများ အထင်အရှားအောင်မြင်မည်။ စာရွက်စာတမ်းလက်လွှဲလက်ပြောင်းကိစ္စများသတိရှိပါ။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အပြာရင့်၊ အဝါ၊ မီးခိုး ။ အကျိုးပေးဂဏန်း – ၁၊ ၅၊ ၇၊ ၄ ။ ယတြာ – နေအိမ်ရှိမီးလုံးအကျွမ်း အဟောင်းများ အသစ်တပ်ဆင်ခြင်း၊ လဲလှယ်ခြင်းပြုပါ။

ဗုဒ္ဓဟူးနေ့မွေးသူများ

ဆန္ဒပြင်းထန်လွန်းသော ကိစ္စများအဖြစ်၊ အတင်းရှေ့တိုးလုပ်လေ စိတ်ရှုပ်ရလေဖြစ်မည်။ စိတ်လျော့ပြီးဖြစ်လျင်ဖြစ်၊ မဖြစ်လျင်နေဟူ၍ စိတ်ထားလိုက်ပါက အလုံးစုံအဆင်ပြေသွားမည်။ နေရာထိုင်ခင်းကိစ္စအတွက် စိတ်ရှုပ်ရမည်။ ကာလအတန်ကြာ အခြေခံမှစ၍လုပ်နေသောကိစ္စများ ရုတ်တရက်ရပ်တန့်မည်။ ပစ္စည်းပျောက်တတ်သည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြား၊သူစိမ်းများ ကောင်းကျိုးပေးသောကာလဖြစ်ပါသည်။ အတတ်ပညာအကျိုးရှိမည်။ ရည်မှန်းချက်သစ်အောင်မြင်မည်။အခက်အခဲကြုံပြီးတိုးတက်ခြင်းများဖြစ်မည်။စုပေါင်းလုပ်ငန်းအကျိုးပေးသည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – အဝါ၊ အစိမ်း၊ အပြာ ။ အကျိုးပေးဂဏန်း – ၃၊ ၁၊ ၀၊ ၆ ။ ယတြာ – အင်္ဂါနေ့ညနေ (၃) နာရီတွင် နို့ဆီတစ်ဘူးကိုဝယ်၍ နေအိမ်အမြင့်တစ်နေရာတွင်တင်ထားပါ။

ကြာသပတေးနေ့မွေးသူများ

နှောင့်နှေးကြန့်ကြာနေသောကိစ္စများ အဆင်ပြေချောမွေ့သွားမည်။ ပိတ်နေသောလမ်းများ ပြန်ပွင့်မည်။ ချမှတ်ရွေးချယ်သော လမ်းကြောင်းမှန်ကန်မည်။ ဦးတည်ချက်သစ်အောင်မြင်မည်။ စိတ်ရှုပ်စရာများ တစ်ခုပြီးတစ်ခုလုပ်၍ အဆင်ပြေမည်။ လေ့လာထားပြီး အသုံးမချရသေးသော ပညာရပ်များအသုံးဝင်မည်။ ဆန္ဒရှိလျက်မလုပ်ဖြစ်သောကိစ္စများ လုပ်ကိုင်အဆင်ပြေမည်။ ယခုရက်အတွင်း စတင်လိုက်သောကိစ္စများမှ ကောင်းကျိုးခံစားရမည်။ အတွေ့အကြုံအသစ်များရရှိမည်။ ဘဝတိုးတက်မှုဖန်တီးနိုင်မည်။ ဤကာလအတွင်း – ကံကောင်းစေသောအရောင် – အညို၊ အပြာ ၊မီးခိုး။ အကျိုးပေးဂဏန်း – ဝ၊ ၉၊ ၅၊ ၃ ။ ယတြာ – အုန်းနို့ခေါက်ဆွဲဒါနပြုပါ။

သောကြာနေ့မွေးသူများ

စိတ်ရှုပ်စရာများ တစ်ခုပြီးတစ်ခုဖြစ်မည်။ အနောင့်အယှက်ပေးသောသူများမည်။ မိသားစုတွင် စက်ပစ္စည်း၊ ယာဉ်၊ ကား စသည်တို့အတွက် ငွေကုန်များမည်။ အရာရာသတိရှိရမည်။ ကိုယ့်အမှားကိုစောင့်ကြည့်၍ ဒုက္ခပေးမည့်သူပေါ်တတ်သည်။ ပစ္စည်းအဝယ်မှားတတ်သည်။ ရွှေ အစရှိသောပစ္စည်း ရေနှင့် အနီးအနားသွားစဉ်ပျောက်တတ်ပါသည်။ သူတစ်ပါးမှသယ်ဆောင်လာသော သတင်းစကားအမှားအယွင်းများအပေါ် အခြေပြုဆုံးဖြတ်မိ၍ မလိုလားအပ်သောနှောင့်နှေးမှုကြုံမည်။လူလိမ်လူကောက်သတိရှိပါ။ဤကာလအတွင်းကံကောင်းစေသောအရောင် – အစိမ်း၊အပြာ၊အနီ။အကျိုးပေးဂဏန်း – ၁၊၇၊၆၊၅။ယတြာ – ကော်ဖီပန်းကန်ကွဲများ နေအိမ်၏အရှေ့မြောက်ထောင့်အရပ်တွင် သွားရောက်စွန့်ပစ်ပါ။

စနေနေ့မွေးသူများ

ကြုံတင်စီမံပြီးလုပ်ခြင်းထက် အခြေအနေကို စနစ်တကျသုံးသပ်ပြီး လိုရာဆောင်ရွက်ပါ။ မြှုပ်နှံထားသောအရာများမှ ကောင်းသောအကျိုးရရှိမည်။ အကြွေးတောင်းခံသင့်သောကာလဖြစ်ပါသည်။ ခရီးနှင့်ပတ်သက်သောကိစ္စများ စီစဉ်အဆင်ပြေမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ငွေကုန်ခံပြီးမှ ငွေအလုံးအရင်းနှင့် ရကိန်းကြုံသောကာလဖြစ်ပါသည်။ စိတ်မပါဘဲ တာဝန်အရသော်လည်းကောင်း၊ အခြေအနေအရသော်လည်းကောင်း လုပ်လိုက်ရသောကိစ္စများ ထူးထူးခြားခြား ကောင်းသောအနေအထားကြုံမည်။ နေရာအပြောင်းအလဲများ ဆောင်ရွက်နိုင်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အပြာ၊ ပန်းရောင်၊ ခရမ်း။ အကျိုးပေးဂဏန်း – ၂၊ ၆၊ ၄၊ ၇။ ယတြာ – ဩဇာညွန့် (၄)ညွန့်ကို ဖန်တစ်ခွက်တွင် ရေတစ်ဝက်ထည့်၍ အမြင့်တင်၍လိုရာဆန္ဒပြုပါ။

ချမ်းမြေ့မေတ္တာ တို့ပြန်ပါသည်။

စံ – ဏာဏီဘို

NCC Batch-3 ကျောင်းသား၊ ကျောင်းသူများမှ ပန်းပျိုးလက်ဘုန်းတော်ကြီးသင် ပညာရေးပရဟိတကျောင်းသို့ အလှူငွေများသွားရောက်လှူဒါန်း

Strategy First Institute မှာ ပညာသင်ကြားနေတဲ့ NCC Batch-3 ကျောင်းသား၊ ကျောင်းသူများမှ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်ရှိ ပန်းပျိုးလက်ဘုန်းတော်ကြီးသင် ပညာရေးပရဟိတကျောင်းသို့ အလှူငွေများသွားရောက်လှူဒါန်းခဲ့တယ်လို့သိရပါတယ်။

လူငယ်တွေရဲ့ပညာရေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးလျက်ရှိတဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေ ရှင်သန်တိုးပွားလိုတဲ့ရည်ရွယ်ချက်နဲ့ အလှူငွေနဲ့ အာဟာရဒါန လှူဒါန်းရခြင်းဖြစ်တယ်လို့ သွားရောက်လှူဒါန်းခဲ့တဲ့ ကျောင်းသားကျောင်းသူတွေထံက သိရပါတယ်။

ကျောင်းနာယကဆရာတော် ဒေါက်တာ အရှင်ပညောဘာသမ့ဉီးနောက်ဖွံ့ဖြိုးဖို့ စာသင်ခြင်းရဲ့အရေးကြီးပုံနဲ့ နလုံးသားဖွံ့ဖြိုးဖို့ စာဖတ်ရန်လိုအပ်တာကြောင့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းအဖြစ် ပညာသင်ကျောင်းကို တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်တယ်လို့လည်း မိန့်ကြားခဲ့ပါတယ်။

NCC Batch-3 ကျောင်းသား၊ကျောင်းသူများမှ ဆရာတော်အား ဝတ္ထုငွေကြေးများ ဆပ်ကပ်လှူဒါန်းခဲ့သလို အာဟာရဒါနအဖြစ် ရေခဲမုန့်များကိုလည်းကျောင်းသားလေးများကို ကိုယ်တိုင်ကျွေးမွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် NCC ကျောင်းသား၊သူတွေက ၁၃ ဖက ကျယ်ဝန်းတဲ့ ဘုန်ကြီးကျောင်းဝန်းအတွင်း အရိပ်ရသစ်ပင် စိုက်ပျိုးခြင်း၊ တရားမှတ်ဆောင်နဲ့ကျောင်းဝန်းသန့်ရှင်းရေးလုပ်ငန်းတွေကိုလည်း ကုသိုလ်ဖြစ်စုပေါင်းလုပ်ကိုင်ပေးခဲ့ကြပါတယ်။ အဲဒေနာက် ကျောင်းဝန်းအတွင်းဖွင့်လှစ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကိုလည်း သွားရောက် လေ့လာခဲ့တယ်လို့ သိရပါတယ်။

ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းအနေနဲ့ အလယ်တန်းနှင့် အခြေခံပညာသင်ကြားနေတဲ့ကျောင်းသား၊သူ၊ လူငယ် ၄၀၀ ဝန်းကျင်ရဲ့ပညာတတ်မြောက်ရေးကို တာဝန်ယူဖြည့်ဆည်းပေးနေသလို ပန်းပျိုးလက်သွေးလှူဒါန်းအဖွဲ့ကိုလည်းအဖွဲ့ဝင်၇၀၀ ကျော်ဖြင့်ဖွဲ့စည်းထားရှိကာ အနယ်နယ်အရပ်ရပ်က သွေးလိုအပ်ချက်ရှိနေသူတွေကို ၂၄ နာရီ ဆက်သွယ်လှူဒါန်းပေးလျက်ရှိပါတယ်။

အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် ပညာရေးကိုအခြေခံပြီးစာရိတ္တမြင့်မားတဲ့လူငယ် ပန်းကလေးတွေ မွေးထုတ်ပေးနေတဲ့ ပန်းပျိုးလက်ဘုန်းတော်ကြီးသင် ပညာရေးပရဟိတ ကျောင်းကိုဆက်သွယ်လှူဒါန်းလိုသူတွေအနေနဲ့ ဆရာတော် ဖုန်းဖြစ်တဲ့ ၀၉-၅၁၂၂၆၄၁၊ ၀၉-၇၈၅၁၂၂၆၄၁ ကို ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးလိုက်ရပါတယ်။

SFJ Team ၊ ဆုဝတီ

သင်ဘောင်မြင်ဖို့ စီးပွားရေးဘမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

SFJ STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE

စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

SFJ ဂျာနယ်ကို **STRATEGY FIRST INSTITUTE** မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

The STRATEGY FIRST Times

လစဉ်ထုတ် **STRATEGY FIRST JOURNAL** နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော *The* **STRATEGY FIRST** *Times* တို့မှာ

ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com